ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၂ ရက်၊ တနင်္လာနေ့ (7-4-2008) (၅၆၄၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ❁ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဧပြီ ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ်အန်ဆာရီ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ ညနေ ၄ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ ဗိုလ်ချုပ်ခင်ဇော်နှင့် စစ်ရေးချုပ် ဗိုလ်ချုပ် သူရမြင့်အောင်၊ နေပြည်တော်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❑

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တို့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ဆောင်းပါး၊ သတင်းဆောင်းပါး အညွှန်း

❖ လေ့လာသူတစ်ဦး၏ **"မမိုတ်သော မျက်စိ၊ မလပ်သောသတိဖြင့်"** (ဆောင်းပါး) စာမျက်နှာ-၃

❖ ခရမ်းစိုးမြင့်၏ **"ရည်မှန်းချက်တာဝန် (၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော်ဓာတ်အားပေးစနစ်(၃)"** (သတင်းဆောင်းပါး) စာမျက်နှာ- ၆၊၇

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၇-၄-၂၀၀၈
(တနင်္လာနေ့)

တစ်ကိုယ်ရေကျန်းမာမှု အစဉ်ရှေးရှု အပူဒဏ်ကာကွယ်ရေး သတိပြုလိုက်နာ

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအလေးထား ဂရုပြုကြရမည့် အချက်ဖြစ်သည်။ ပြည်သူများ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာခြင်း သုခ ရရှိစေရန် ဖော်ဆောင်ရာ၌ ကျန်းမာရေးဌာန တစ်ခုတည်း သာမက ပြည်သူတစ်ရပ်လုံးကပါ ကျန်းမာရေးဗဟုသုတရှိရှိဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ထမ်းများက ပြည်သူများ ရောဂါဘယ ကင်းဝေးစေရေးအတွက် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ၊ အချိန်ရာသီအလိုက် သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်နှိုးဆော်ပေးလျက်ရှိရာ ပြည်သူများအပိုင်းကလည်း စနစ်တကျ လိုက်နာ နေထိုင်သွားလာကြရမည်ဖြစ်သည်။

ယခုအချိန်သည် ရာသီဥတု ပူပြင်းလာမှုကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများသဖြင့် ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်း၊ မိတ်နှင့်ယားဖုများထွက်ခြင်းတို့ ဖြစ်နိုင်ကြောင်း သိရသည်။

အပူဒဏ်ကြောင့် ဝေဒနာခံစားရမှုအပေါ် မူတည်၍ ပင်ပန်းနွမ်းနယ်မှု၊ ကြွက်တက်မှုများဖြစ်ပါက ရေများများသောက်ခြင်း၊ ဓာတ်ဆားရေ သောက်ခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်သူ လူနာများအတွက်မူ ဆေးရုံသို့ အမြန်ပို့ ပြသကုသမှု ခံယူကြရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် အပူစုပ်တတ်သည့် အနက်ရောင် အဝတ်အစားများ၊ ချည်ထည်မဟုတ်သည့် အဝတ်အစားများ ကျပ်တည်းစွာ ဝတ်ဆင်ခြင်း၊ အရက်သောက်ခြင်း၊ ရေခဲရေဖြင့် မျက်နှာသစ်ခြင်းတို့ မပြုလုပ်မိစေရန် သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။

ထို့အပြင် နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်း၊ ခေါင်းလျှော်ခြင်း၊ နေ့ဘက်တွင် ပူလွန်းသဖြင့် မြစ်ချောင်းထဲ ရေဆင်းကူးခြင်း၊ ညဘက်၌ ဖျာပေါ်တွင် ရေဖျန်းခြင်း၊ အဝတ်ကို ရေဆွတ်၍ ခြုံအိပ်ခြင်းများကိုလည်း အထူးရှောင်ကြဉ်ကြရန် လိုအပ်သည်။

ပြည်သူများအားလုံးက မိမိတို့၏ တစ်ကိုယ်ရေ ကျန်းမာမှုကို အစဉ်အလေးထား ရှေးရှုပြီး ကျန်းမာရေး အသိပညာပေး နှိုးဆော်ချက်များနှင့်အညီ အပူဒဏ်ကာကွယ်ရေး သတိပြုလိုက်နာ နေထိုင်သွားလာကြခြင်းဖြင့် ကျန်းမာခြင်းသုခနှင့် ပြည့်စုံကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား အိန္ဒိယ ပြည်ပရေးရာ ဝန်ကြီး ဂါရဝပြုတွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး မစ္စတာပရာနာ့ဗ်မူခါဂျီး နယူးဒေလီမြို့ တာ့ဂျ်မဟာ ဟိုတယ်ရှိ Parliament Room ၌ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရာနာ့ဗ် မူခါဂျီးသည် ဧပြီ ၂ရက် ညနေ ၃နာရီတွင် နယူးဒေလီမြို့ တာ့ဂျ်မဟာဟိုတယ်ရှိ Parliament Room သို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့်အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရာနာ့ဗ် မူခါဂျီးနှင့်အတူ ပြည်ပရေးရာဝန်ကြီးဌာန ပြည်ပရေးရာအတွင်းဝန် Mr. Shivshankar Menon၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Bhaskar Kumar Mitra နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် မိုးညှင်းဝိပဿနာ တိုက်သစ်ကြီး၏ မဟာရံတံတိုင်း ဆောက်လုပ်ပြုပြင်ရန်အတွက် မရမ်းကုန်းမြို့နယ် အေဒီလမ်းနေ ကွယ်လွန်သူ ကျေးဇူးရှင်မိဘများနှင့် ဒေါက်တာ ဦးမျိုးမင်းတို့အား ရည်စူး၍ ဦးကျော်ထိုက်-ဒေါ်ထားရီ၊ သမီး ကေသီမျိုးမင်းနှင့် မြေးမိသားစုတို့က မဟာရံတံတိုင်း တစ်ခန်းအတွက် အလှူငွေကျပ်သုံးသိန်းကို နာယက ဆရာတော်မိုးညှင်းအရှင်ဣန္ဒကထံဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ရခိုင်ရိုးရာသင်္ကြန်ပွဲ စည်ကားစွာကျင်းပမည်

ရန်ကုန် ဧပြီ ၆

ရခိုင်ရိုးရာသင်္ကြန်ဖြစ်မြောက်ရေးကော်မတီ(ရန်ကုန်)ကကြီးမှူးကျင်းပမည့် ပဥ္စမအကြိမ်မြောက် ၂၀၀၈ ခုနှစ် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကြီးကို မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူကားမောင်းသင်ကွင်း၌ ယခင်နှစ်များထက်ပို၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဧပြီ ၁၁ရက်(သောကြာနေ့)ညနေ ၃နာရီတွင် နံ့သာသွေးပွဲ၊ ဧပြီ၁၂ ရက်(သင်္ကြန်အကြို၊ စနေနေ့) နံနက် ၈နာရီတွင် သင်္ကြန်ဖွင့်ပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲ၊ ရိုးရာအကပဒေသာနှင့် တေးဂီတအစီအစဉ်များဖြင့် ဖျော်ဖြေပြီး ဧပြီ၁၃ရက်(သင်္ကြန်အကျနေ့)မှ ဧပြီ ၁၆ရက်(သင်္ကြန်အတက်နေ့) အထိ နံနက်၈နာရီမှ ညနေ၄ နာရီအတွင်း ရခိုင်ရိုးရာရေကစားပွဲတော်နှင့်အဆို၊ အကဖျော်ဖြေမှုများ ကျင်းပမည်ဖြစ်ပြီး သင်္ကြန်အတက်နေ့ ညနေ၄နာရီတွင် သင်္ကြန်ပိတ်ပွဲ ကျင်းပမည် ဖြစ်သည်။

ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကြီးတွင် ရခိုင်ပြည်နယ်မှ မြို့နယ်အသင်းများ၊ လူမှုရေးအသင်းများကို ကိုယ်စားပြုသောလှေလှော်းနှင့် ရေလောင်းမည့် မဏ္ဍပ်ပေါင်း ၁၀ ခုထက်မနည်း ပါဝင်မည်ဖြစ်သည်။

ရခိုင်ရိုးရာအစားအသောက်ဆိုင်များ၊ ရခိုင်သင်္ကြန် အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများရောင်းချမည်ဖြစ်ပါ၍ ဆိုင်ဖွင့်လှစ်လိုသူများ၊ မဏ္ဍပ်ဝင်ရောက်လိုသူလုပ်ဖြူများ၊ Sponsor ပါဝင်လိုသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ငွေပစ္စည်း ပါဝင်လှူဒါန်းကူညီလိုသူများ၊ ဇာတ်လမ်းမှတ်တမ်းနှင့် ရုပ်ရှင်ဗီဒီယိုရိုက်ကူးလိုသူများ ၂၀၀၈ ခုနှစ် ရခိုင်ရိုးရာသင်္ကြန် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင် ဖုန်း-၀၉-၉၉၂၄၃၆၃နှင့်ဒေါ်ခင်စောတင့် ဖုန်း-၇၀၉၇၈၅၊ ဦးဇော်ခိုင်သန့် ဖုန်း-၀၉-၅၀၀၆၈၂၀၊ ဦးဇော်အေး မောင် ဖုန်း-၀၉-၅၁-၄၀၄၀၇၊ ဒေါက်တာစံကျော်လှ ဖုန်း-၀၉-၅၁-၈၉၀၁၇နှင့် ဦးသန်းမောင် ဖုန်း-၃၇၂၇၆၀တို့သို့ အမြန်ဆုံး ဆက်သွယ်နိုင်ကြောင်းသိရရှိသည်။

(ကြေးမုံ)

အဘိုး၊အဘွား၊ မွေးမိခင်တို့အား ရည်စူး၍ ဖခင်ဦးသီဟန် အသက် ၈၂ နှစ်အား အမှူးထားလျက် မရမ်းကုန်းမြို့နယ် (၈) ရပ်ကွက် မြစံပါယ်လမ်း (မြောက်ပိုင်း) နေ ဦးမြတ်သူနှင့် ညီအစ်ကို မောင်နှမ၊ သား၊ သမီး၊ မြေးများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။

(က-ပ)



မမှိတ်သော မျက်စိ၊ မလပ်သော သတိဖြင့်

ရေးသားသူ - လေ့လာသူတစ်ဦး

“မည်သူမဆို မှားယွင်းစွာ ထင်မြင်ယူဆပိုင်ခွင့်ရှိသော်လည်း မှားယွင်းစွာဖော်ပြခွင့်နဲ့ မှားယွင်းစွာလုပ်ဆောင်ခွင့်မရှိဘူး” ဆိုတဲ့ အဆိုအမိန့်တစ်ခုကို ဖတ်ရှုခဲ့ဖူးတယ်။ ဒီစကားဟာ ဒီမိုကရေစီရဲ့ အနှစ်သာရကို ဖော်ပြနေတယ်။

ဒီမိုကရေစီကျင့်စဉ်ဆိုတာ ဘာလဲလို့မေးရင် **“သင့်တုတ်ကောက်ကို လွတ်လပ်စွာ ဝှေ့ယမ်းနိုင်ပါသည်။ သို့သော်ကျွန်ုပ်တို့၏ ဦးခေါင်းကိုမထိပါစေနှင့်”** လို့ အတိုချုပ်ဖြေရင် သဘောပေါက်နိုင်မယ်ထင်ပါတယ်။

မြန်မာနိုင်ငံမှာ ဒီမိုကရေစီကျင့်စဉ်နဲ့ မင်းမဲ့စရိုက်ကို အရောရော အထွေးထွေးကျင့်သုံးခဲ့တာ အရိုးစွဲသလောက်တောင် ဖြစ်နေပြီ။ နှောင်ကြိုးမဲ့ ကမ္ဘာ၊ လင်းရောင်ခြည်၊ ဒီမိုကရေစီဆိုတဲ့ ဝေါဟာရတွေကို စိတ်ဝင်စားရင်း ပျားရည်နဲ့ဝမ်းချတာ ဒီနေ့အထိ ခံနေရသူကခံနေကြရဆဲပါ။ မြန်မာကွန်မြူနစ်တွေကလည်း ဒီမိုကရေစီပါပဲ။ ၁၉၆၈ ခုနှစ်ကာလ တစ်ဝိုက် ပဲခူးရိုးမ မြရာပင်ကြောက ဘဝဟစ်တိုင်လှုပ်ရှားမှုဆိုတာ ဒီမိုကရေစီ အကြမ်းဖက်ပွဲကြီးပေါ့။ ဗကပ ဗဟိုကော်မတီ အတွင်း ပြန်လည်ဝေဖန် သုံးသပ်သူတွေကို အကြမ်းဖက်သတ်ဖြတ်ပစ်ခဲ့ကြတယ်လေ။

ပြည်သူလူထုကို အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးရင်း နောက်ဆုံး ဗကပဗဟိုပါ ဗုန်းဗုန်းလဲကျ ပျက်သုဉ်းသွားခဲ့ရတာ အားလုံးအသိပါပဲ။ ရာဇဝတ်ဘေးပြေးမလွတ် (Crime does not pay)ဆိုတဲ့တရားက စီရင်သွားတာပဲ ဖြစ်ပါတယ်။

၁၉၈၈ ဆူပူအကြမ်းဖက်မှုအထိ အဲဒီဂယက်က ကူးစက်လာခဲ့ပြန်တယ်။ လူအုပ်စုနဲ့ အနိုင်ကျင့်ခေါင်းဖြတ်သတ်တဲ့အထိ ရက်စက်ကြမ်းကြုတ်ခဲ့ကြတယ်။ ဖောက်ထွင်းလုယက်မှုတွေကို နေ့ခင်းကြောင်တောင် လုပ်ခဲ့ကြတယ်။ နောက်ဆုံးမှာ ပုဂ္ဂိုလ်ရေးအငြိုးအတေးရှိသူတွေကိုပါ ခြိမ်းခြောက် အနိုင်ကျင့်ဖို့အထိ ကြံရွယ်လုပ်ဆောင်လာတယ်။ ပြည်သူလူထုဟာ ကိုယ့်လမ်း၊ ကိုယ့်ရပ်ကွက်၊ ကိုယ့်ကျေးရွာ အနိုင်ကျင့် စော်ကားတာမခံရဖို့အတွက် လုံခြုံရေးအစီအမံတွေ လုပ်ခဲ့ကြရတယ်။

အဲဒီတုန်းက တပ်မတော်က အချိန်မီ ဝင်ရောက်ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့လို့သာ အကြမ်းဖက်အဖျက်သမားတွေရဲ့ ရန်ဘေးမှ ကင်းဝေးခဲ့ကြရတာဖြစ်တယ်။ ပြည်သူလူထုဟာ အရေးအခင်းကာလမှာ အသက်ကို ဖက်နဲ့ထုပ်ထားရတဲ့ဘဝမှ လွတ်မြောက်ခဲ့ရတယ်။ အေးချမ်းလုံခြုံစွာနဲ့ ကူးသန်းသွားလာနိုင်ခဲ့ကြတယ်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို ဖြောင့်ဖြောင့်တန်းတန်း ဝမ်းပန်းတသာလုပ်နိုင်ခဲ့ကြတာဖြစ်ပါတယ်။

ဒါပေမယ့် အကြမ်းဖက်အဖျက်သမားတွေကတော့ ခွေးမြီးကောက်ကျည်တောက်စွပ်မြဲ စွပ်ခဲ့ကြတယ်။ ပြည်သူလူထုရှေ့မှာ တပ်မတော်က မားမားမတ်မတ် ရပ်တည်ကာကွယ်နေတာမို့ လက်ရဲဇက်ရဲ အကြမ်း ဖက်ဖို့ အခွင့်မသာတော့ဘူး။ ဒါကြောင့်မို့ လက်နက်စွဲကိုင် ဆန့်ကျင် တိုက်ခိုက်ဖို့ နိုင်ငံရေးပါတီထူထောင်ပြီး အကာအကွယ်ယူထားဖို့နဲ့ တစ်ဝက်တစ်ပျက် မြေအောက်ယူဂျီလုပ်ဖို့ဆိုတဲ့ ဗျူဟာကို ချမှတ် လုပ်ဆောင်ခဲ့ပြန်တယ်။

အဲဒီနောက်ပိုင်းမှာ မြေပေါ်မြေအောက် ဆက်စပ်လှုပ်ရှားတဲ့ NCGUB၊ FTUB၊ ABSDF၊ NLD (LA)၊ DPNS၊ NCUB ဆိုတဲ့ ပြည်ပြေးအကြမ်းဖက် သောင်းကျန်းသူအဖွဲ့တွေ နယ်စပ်ဒေသတစ်ဖက်မှာ ပေါ်ပေါက်လာခဲ့တယ်။ သူတို့ဘာပဲလုပ်လုပ် ဒီမိုကရေစီအတွက်ဖြစ်တယ်ဆိုပြီး အကူအညီ အကာအကွယ်ပေးတဲ့ ပြည်ပနိုင်ငံကြီးအချို့ရဲ့ အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်လုပ်ဆောင်ခဲ့ကြပြန်တယ်။

အဲဒီအကျိုးဆက်ကြောင့် နိုင်ငံတော်နဲ့ ပြည်သူလူထုဟာ စီးပွားရေးအရ အနိုင်ကျင့်အကြမ်းဖက် တိုက်ခိုက်တာကိုပါခံခဲ့ရတယ်။ တစ်ဆက်တည်းမှာပဲ မီဒီယာအသာစီးနဲ့ စိတ်ဓာတ်စစ်ဆင် တိုက်ခိုက်မှုကိုလည်း ခံခဲ့ရတယ်။ အကြမ်းဖက်တိုက်ခိုက်မှုမျိုးစုံကို ခါးခါးသီးသီး ဆက်ပြီးခံခဲ့ကြရတာ ဖြစ်ပါတယ်။

အကြမ်းဖက် အဖျက်သမားတွေ ဘယ်လောက်အထိ အကြံပက်စက်ခဲ့သလဲ။ စာအိတ်ဗုံးတွေ၊ ပါဆယ်ဗုံးတွေပေးပို့ပြီး ပုဂ္ဂိုလ်ရေး လုပ်ကြံသတ်ဖြတ်မှုတွေအထိ ကမ်းကုန်အောင် ရက်စက်ခဲ့ကြတယ်။ ဒါဟာ ဒီမိုကရေစီမျက်နှာဖုံးစွပ်ပြီး ပြည်သူလူထု အသက်သွေးတွေကို စတေးနေတာပါပဲ။

အဲဒီလို အကြမ်းဖက်ဖောက်ခွဲသတ်ဖြတ်မှုမျိုးစုံကို ကြိုးကိုင်ပူးပေါင်းလုပ်ဆောင်ခဲ့ကြတဲ့ NCGUB၊ FTUB၊ ABSDF နဲ့ SSA-S သောင်းကျန်းသူ အဖျက်သမားအဖွဲ့တွေကို နိုင်ငံတော်က ၂၈-၈-၂၀၀၅ ရက်နေ့မှာ မတရားအသင်းအဖြစ် သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်တယ်။ ဒ့ါအပြင် ၁၂-၄-၂၀၀၆ ရက်နေ့မှာ NCGUB၊ FTUB၊ ABSDF နဲ့ NLD(LA) ပြည်ပြေး သောင်းကျန်းသူ အဖွဲ့ဝင်တွေကို အကြမ်းဖက်သူများ (Terrorists)ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံတော်က မတရားအသင်းအဖြစ်၊ အကြမ်းဖက်သူများအဖြစ် တရားဝင်ကြေညာခဲ့တာဟာ ခိုင်လုံတဲ့ လူသက်သေ၊ ပစ္စည်းသက်သေတွေ အထောက်အထား ခိုင်လုံစွာရရှိထားလို့ပါပဲ။ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပါ။ ပြည်ပနေရာအချို့မှာ ခိုအောင်းပြီး အကြမ်းဖက် တိုက်ခိုက်ဖျက်ဆီးမှုတွေကို ကြိုးကိုင်လုပ်ဆောင်နေသူတွေအကြောင်း မှတ်တမ်းတွေ အထင်အရှားအမြောက်အမြားရှိနေပါတယ်။ သက်ဆိုင်ရာ သမိုင်းမော်ကွန်းမှတ်တမ်းဌာနတွေမှာ သိမ်းဆည်းသိမ်းထားပြီးဖြစ်ပါတယ်။

အကြမ်းဖက်အဖျက်သမားတွေရဲ့ ပြည်သူလူထုအပေါ် ရက်စက်မှုအပေါင်းကို ဇာတ်ကြောင်းလှန်ရရင် ကျမ်းတစ်စောင် ပေတစ်ဖွဲ့မက ရှိနေပါတယ်။ အဲဒီအထဲက ၁၉၈၈ ခုနှစ်နဲ့ နောက်ပိုင်းမှာ ဘာသာရေး၊ လူမှုရေးပွဲတော်တွေကို ရည်ရွယ်ချက်ရှိရှိနဲ့ အကြမ်းဖက်ဖျက်ဆီးခဲ့တာတွေကို သာဓကအဖြစ် တင်ပြလိုပါတယ်။

နိုင်ငံတော်က မတရားအသင်းအဖြစ်၊ အကြမ်းဖက်သူများအဖြစ် တရားဝင်ကြေညာခဲ့တာဟာ ခိုင်လုံတဲ့ လူသက်သေ၊ ပစ္စည်းသက်သေတွေ အထောက်အထား ခိုင်လုံစွာရရှိထားလို့ပါပဲ။ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပါ၊ ပြည်ပနေရာအချို့မှာ ခိုအောင်းပြီး အကြမ်းဖက် တိုက်ခိုက်ဖျက်ဆီးမှုတွေကို ကြိုးကိုင် လုပ်ဆောင်နေသူတွေအကြောင်း မှတ်တမ်းတွေ အထင်အရှား အမြောက်အမြားရှိနေပါတယ်။ သက်ဆိုင်ရာ သမိုင်းမော်ကွန်းမှတ်တမ်းဌာနတွေမှာ သိမ်းဆည်းသိမ်းထားပြီးဖြစ်ပါတယ်။

၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့မှာ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်တစ်ဝိုက်ကို လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပစ်ခတ်ခဲ့လို့ ဘုရားဖူးပြည်သူ ငါးဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့မှာ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော် ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲမှာ ချိန်ကိုက်မိုင်းဖောက်ခွဲခဲ့လို့ ရဟန်းရှင်လူ ငါးဦးသေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

၂၀၀၂ ခုနှစ် ဧပြီလ ၁၅ ရက်နေ့ သင်္ကြန်အကြတ်နေ့မှာ မြဝတီမြို့အတွင်း ချိန်ကိုက်ဗုံးဖောက်ခွဲခဲ့လို့ ပြည်သူငါးဦးပွဲချင်းပြီး သေဆုံးပြီး ၃၁ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

အလံတစ်ရာ ဆရာတော်ကြီးနဲ့ သာသနာပြုအဖွဲ့ ယာဉ်တန်းကိုလည်း လက်နက်ငယ်များ၊ လောင်ချာများဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ကြပါသေးတယ်။ ၁၉၈၈ ခုနှစ်ကနေ ၂၀၀၃ ခုနှစ်အထိ KNU အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ရဟန်းရှင်လူ ပြည်သူတွေကို အကြိမ်ပေါင်း ၅၀ ကျော် အကြမ်းဖက်တိုက်ခိုက်ခဲ့ပါတယ်။ အပြစ်မဲ့ပြည်သူ ၁၀၀ ကျော် သေဆုံးပြီး ၂၃၀ ကျော် ဒဏ်ရာရရှိခဲ့တဲ့အထိ ကြေကွဲရင်နင့်ဖွယ်ဖြစ်ရပ်ဆိုးနဲ့ တိုးခဲ့ရတာဖြစ်ပါတယ်။

SSA-S ရှက်ဆစ်အဖွဲ့ကလည်း ၁၉၉၆ ခုနှစ်ကနေ ယနေ့အထိ အကြမ်းဖက်လုပ်ရပ် အကြိမ် ၃၀ ကျော် ကျူးလွန်ခဲ့ပါတယ်။ အဲဒီအကြမ်းဖက်လုပ်ရပ်တွေမှာ ပြည်သူ ၂၂၀ ကို ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ၁၄၀ ကျော်ကို ဒဏ်ရာအနာတရ ဖြစ်စေခဲ့ပါတယ်။

အဲဒီအဖွဲ့တွေလိုပဲ NCGUB၊ FTUB၊ ABSDF နဲ့ NLD (LA) တို့ရဲ့ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုဒဏ်ကြောင့် သေကျေအနာတရ ဖြစ်ခဲ့ရတဲ့ ပြည်သူတွေ ရာနဲ့ချီပြီး ရှိခဲ့ပါတယ်။

အခုလဲ အဲဒီအကြမ်းဖက်သမားတွေက လာမယ့်မေလမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို အေးချမ်းလုံခြုံစွာ မကျင်းပနိုင်အောင် ဖျက်လိုဖျက်ဆီးလုပ်ဖို့ နည်းမျိုးစုံနဲ့ ကြံစည်လုပ်ဆောင်နေကြပြန်ပါပြီ။ ရက်ပိုင်းအတွင်း ရောက်ရှိတော့မယ့် အတာသင်္ကြန်ပွဲတော်ကာလမှာလဲ ဖောက်ခွဲဖျက်ဆီးမှုတွေလုပ်ဖို့ အကြမ်းဖက်အဖျက်သမားတွေကို လေ့ကျင့်သင်တန်းပေးပြီး ပြည်တွင်းကိုစေလွှတ်ခဲ့တယ်လို့ သတင်းတွေရရှိခဲ့ပါတယ်။

ဒါကြောင့်မို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဘက်ကလည်း နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ ပြည်သူလူထုရဲ့အသက်အိုးအိမ် စည်းစိမ် လုံခြုံရေးအတွက် စီမံဆောင်ရွက်ဖွယ်ရာများကို မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိနေပါတယ်။

လူ့လောကမှာ မိတ်ဆွေယောင်ဆောင်သော ရန်သူဟာ ကြောက်စရာ အကောင်းဆုံးဖြစ်ပါတယ်။ အကြမ်းဖက်အဖျက်သမားတွေဟာ သူတို့ကိုယ်သူတို့ Terrorist ပါလို့ ဆိုင်းဘုတ်တပ်လာမှာ မဟုတ်ပါဘူး။ အစိုးရကို ဆန့်ကျင်သယောင် အယောင်ဆောင်ပြီး ၎င်းတို့ရဲ့ လုပ်ရပ်အကောင်အထည်ပေါ်ဖို့အတွက် ပြည်သူလူထုကို စတေးဖို့ ဝန်လေးမှာ မဟုတ်ပါဘူး။

အတာသဘင်ပွဲတော်မှာ ရေပက်တဲ့အခါ စိုချင်သူကို စိုစေပြီး မစိုချင်သူကို မစိုအောင် ရှောင်လွှဲလို့မရသလိုပါပဲ။ မိမိအပါအဝင် ပွဲတော်ကာလမှာ အေးချမ်းပျော်ရွှင်စွာ ရေသဘင်ပွဲ ဆင်နွှဲနေသူတိုင်း လုံခြုံစိတ်ချပျော်ရွှင်နိုင်ကြရအောင် အခုအချိန်မှစပြီး မိမိတို့ရဲ့ ပတ်ဝန်းကျင်ကို မမှိတ်သော မျက်စိ၊ မလပ်သော သတိဖြင့် ဂရုတစိုက် ကြည့်လိုက်ကြပါ။ မိတ်ဆွေယောင်၊ ပြည်သူယောင်ဆောင်ထားတဲ့ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမား လက်တစ်ဆုပ်စာကို ဖော်ထုတ်ဖယ်ရှားရှင်းလင်းနိုင်မှာ အမှန်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်လိုက်ရပါတယ်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဝေဒနာနုပဿနာရှုပွားနည်း"တရားတော် (မိုးနတ်တောင်ဆရာတော်ဦးဣန္ဒောဘာသ)
၈း၀၀ - ၂း၀၀	Soccer Update
၈း၁၅ - ၂း၁၅	ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ပြင်ဦးလွင်မြို့ (အပိုင်း-၁)
၈း၄၀ - ၂း၄၀	တေးဂီတအစီအစဉ်
၈း၄၅- ၂း၄၅	ပထမအကြိမ် ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရ စာမေးပွဲနှင့် စာအောင်ပုဂ္ဂိုလ်များအား ပူဇော်ခြင်းအခမ်းအနား
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	အင်တာနက်ပေါ်က Home Page
၉း၄၀ - ၃း၄၀	ခါသင်္ကြန်အဆိုအက
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာနီကိုရဲနှင့် တွေ့ဆုံခြင်း)
၁၀း၁၀ - ၄း၁၀	ခါသင်္ကြန်အဆိုအက
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရေး အစဉ်သုံးပေးဆပ်ပြာမွှေး
၁၀း၃၀ - ၄း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၀ - ၄း၄၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ယူကီကိုကြည်နှင့် တွေ့ဆုံခြင်း)
၁၁း၀၅ - ၅း၀၅	ခါသင်္ကြန်အဆိုအက
၁၁း၁၀ -၅း၁၀	ရေငွေ့သုံး ဆန်အရောင်တင်စက်
၁၁း၃၀ - ၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ - ၅း၃၅	လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာ ဝိသာခါ
၁၁း၅၀ - ၅း၅၀	ခါသင်္ကြန်အဆိုအက
၁၁း၅၅ - ၅း၅၅	MRTV-4 ကျန်းမာရေးကဏ္ဍ (ပါမောက္ခဒေါက်တာသိန်းထွန်းနှင့် တွေ့ဆုံခြင်း)
၁၂း၀၅ - ၆း၀၅	ခါသင်္ကြန်အဆိုအက
၁၂း၁၀ -၆း၁၀	ညွှတ်နူးအယူရှိခိုးမှု တုကျွန်းဇမ္ဗူအောင်လံထူ
၁၂း၃၅ - ၆း၃၅	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၂း၅၀ - ၆း၅၀	ACTIVITIES IN THE CITY

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

❑ **ရှေ့ဖုံးမှ**

တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ၎င်းတို့၏ဇနီးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr.Manoj Kumar Bharti နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး၊ ဒေါ်မြင့်မြင့်စိုး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ)ဗိုလ်ချုပ်ခင်အောင်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား
အစီအစဉ်

၇-၄-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ မြန်မာသကြင်္န်
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ မြန်မာသကြင်္န်
၄:၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၂၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မြန်မာသကြင်္န်
၆:၃၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း
-ရာဇဝင်တွင်တဲ့ သူ့ရဲကောင်း (အပိုင်း-၅၂)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ မေးမြန်းစူးစမ်း
၂၀။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သွေးသစ္စာဓား အပိုင်း(၇)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား အိန္ဒိယသမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် ဂါရဝပြု တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဧပြီ ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား အိန္ဒိယသမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဒီပက်ခ်ကပူးရ် (H.E. General Deepak Kapoor) သည် ဧပြီ ၂ရက် ညနေ ၃ နာရီခွဲတွင် နယူးဒေလီမြို့ တာ့ဂျ်မဟာ ဟိုတယ်ရှိ Parliament Room သို့ လာရောက်၍ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ)ဗိုလ်ချုပ်ခင်အောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် မြန်မာနိုင်ငံစစ်သံမှူး(ကြည်း၊ရေ၊လေ) ဗိုလ်မှူးကြီးနေဝင်းတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဒီပက်ခ်ကပူးရ်နှင့်အတူ ခေတ္တ Director General of Military Intelligence (DGMI) Major General R.Roy နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး Mr.Bhaskar Kumar Mitra တို့ တက်ရောက်ကြသည်။

ခင်မင်ရင်းနှီးစွာဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်များအကြား ချစ်ကြည်ရင်းနှီးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြားထောက်လှမ်းရေးသတင်းဖလှယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြားဝင်ငွေအပေါ်အခွန်နှစ်ထပ်မကျသင့်စေရန်ရှောင်ရှားရေးနှင့် ဝင်ငွေအပေါ်တွင်အခွန်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးသဘောတူစာချုပ်ကို အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန အခွန်စည်းကြပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ပီ၊ ကော၊ မီရှရာတို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်း-စာမျက်နှာ ၅)

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတတို့ တွေ့ဆုံဆွေးနွေး၊ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ နှစ်နိုင်ငံ သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးလဲလှယ်

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာမိုဟာမက်ဟာမစ်အန်ဆာရီတို့သည် ဧပြီ ၂ ရက် ည ၇ နာရီ မိနစ် ၂၀ တွင် နယူးဒေလီမြို့ Hyderabad House **ရှိ** The Deccan Suite **၌ တွေ့ဆုံဆွေးနွေးကြသည်။**

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအိန္ဒိယသမ္မတ နိုင်ငံ ဒုတိယ သမ္မတ မစ္စတာမိုဟာမက်ဟာမစ်အန်ဆာရီအား နယူးဒေလီမြို့ရှိ Hyderabad House **ရှိ** The Deccan Suite**၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာမိုဟာမက်ဟာမစ်အန်ဆာရီနှင့် အတူအိန္ဒိယသမ္မတနိုင်ငံနိုင်ငံခြားရေး ဝန်ကြီးဌာန အတွင်းဝန် Shri Nalin Surie၊ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး Mr. Bhaskar Kumar Mitra နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာမိုဟာမက်ဟာမစ် အန်ဆာရီတို့သည် နှစ်နိုင်ငံ အကျိုးတူ ကိစ္စရပ်များကို အပြန်အလှန်ရင်းနှီးခင်မင်စွာဆွေးနွေးကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက်ဟာမစ်အန်ဆာရီနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ အကြားချုပ်ဆိုသည့် မြန်မာနိုင်ငံ စစ်တွေဆိပ်ကမ်းနှင့် အိန္ဒိယနိုင်ငံ မီဇိုရမ် ပြည်နယ်အကြား သွားလာဆက်သွယ်ရန် ကုလားတန်မြစ် ဘက်စုံပြုပြင်ရေး မူဘောင်သဘောတူစာချုပ် (Framework Agreement Between the Government of the Union of Myanmar and the Government of the Republic of India for the Construction and Operation of A Multi-Modal Transit Transport Facility on Kaladan River Connecting the Sittwe Port in Myanmar with the State of Mizoram in India)နှင့် ဆက်စပ်စာချုပ်များဖြစ်သော Protocol on Facilitation နှင့် Protocol on Maintenance and Administration တို့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရာနဘ်မူခါဂျီးတို့က နှစ်နိုင်ငံ ခေါင်းဆောင်များ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ထောက်လှမ်းရေးသတင်းဖလှယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU Between the Government of the Union of Myanmar and the Government of the Republic of India on Intelligence Exchange Cooperation) နှင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ် မကျသင့်စေရန် ရှောင်ရှားရေးနှင့် ဝင်ငွေအပေါ်တွင် အခွန်ဆောင်ခြင်းနှင့် စပ်လျဉ်း၍ ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ် (Agreement Between the Government of the Union of Myanmar and the Government of the Republic of India for the Avoidance of Double Taxation and the Prevention of Fiscal Evasion with Respect to Taxes on Income) တို့ကို အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့်အိန္ဒိယသမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန အခွန်စည်းကြပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ပီ၊ ကေ၊ မီရှရာတို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ ဂုဏ်ပြုညစာစားပွဲကျင်းပရာ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးလျက်ရှိသောဆက်ဆံရေးကို မြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးနှင့်ကုန်သွယ်မှုတိုးတက်မြင့်မားရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၌ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ သဘောထားအမြင်များကို အသီးသီး ထပ်လောင်းပြောကြားပြီး အပြန်အလှန် ဆုတောင်းပတ္ထနာ ပြုကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည်ဂုဏ်ပြုညစာကိုအတူတကွ သုံးဆောင်ကြသည်။

ယနေ့လက်မှတ်ရေးထိုးသောစာချုပ်များအနက် မြန်မာနိုင်ငံ စစ်တွေဆိပ်ကမ်းနှင့် အိန္ဒိယနိုင်ငံ မီဇိုရမ် ပြည်နယ်အကြား သွားလာဆက်သွယ်ရန် ကုလားတန်မြစ်ကြောင်း ဘက်စုံပြုပြင်ရေးမူဘောင်သဘောတူစာချုပ်တွင် စစ်တွေဆိပ်ကမ်းကို ပြုပြင်တည်ဆောက်ခြင်း၊ စစ်တွေဆိပ်ကမ်းမှ စက်ပြစ်ပြင်အထိ ကုလားတန်မြစ်ကြောင်း တစ်လျှောက် သင်္ဘောများ သွားလာနိုင်ရန် တိုးတက်ပြုပြင်ခြင်း၊ စက်ပြစ်ပြင်မှ နယ်စပ်အထိ ကားလမ်း ဖောက်လုပ်ခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်ရန်ပါရှိသည်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ထောက်လှမ်းရေး သတင်းများ ဖလှယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာကို နှစ်နိုင်ငံအကြား အကြမ်းဖက်မှု အပါအဝင် နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေးအတွက် ထောက်လှမ်းရေးသတင်း ဖလှယ်ခြင်းဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေရန်နှင့် ဒေသအတွင်း လုံခြုံရေးကို အထောက်အကူဖြစ်စေရန် ရည်မှန်း၍ လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ် မကျသင့်စေရန် ရှောင်ရှားရေးနှင့် ဝင်ငွေအပေါ်တွင် အခွန်ပေးဆောင်ခြင်းမှ ရှောင်တိမ်းမှုများ ကာကွယ်တားဆီးရေး သဘောတူစာချုပ်မှာ မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံကြသူများအတွက်ဝင်ငွေတစ်မျိုးတည်းအပေါ်တွင်အခွန်နှစ်ကြိမ်မထမ်းဆောင်စေရန်နှင့်ဝင်ငွေအပေါ်အခွန်ရှောင်တိမ်းမှုမရှိစေရန် ရည်ရွယ်၍ ချုပ်ဆိုခြင်းဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ချုပ်ဆိုသည့် မြန်မာနိုင်ငံ စစ်တွေဆိပ်ကမ်းနှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အကြား သွားလာဆက်သွယ်ရန် ကုလားတန်မြစ်ဘက်စုံပြုပြင်ရေးနှင့် ဆက်စပ်စာချုပ်များကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာနဝန်ကြီး မစ္စတာ ပရာနဘ်မူခါဂျီးတို့ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော်ဓာတ်အားပေးစနစ်(၃)

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်၊ ဓာတ်ပုံ-အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

နိုင်ငံတော်၏ စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကုန်ကြမ်းလုံလောက်စွာ ရရှိနေရုံမျှဖြင့် ဆောင်ရွက်၍မရဘဲ ၂၄ နာရီပတ်လုံး လျှပ်စစ်ဓာတ်အား အလုံအလောက်ရရှိနိုင်မှသာ ကုန်ထုတ်လုပ်ငန်းများ စွမ်းအားပြည့်လည်ပတ်နိုင်ပြီး ကုန်ထုတ်လုပ်ငန်းများတိုးတက်ခြင်း၊ အလုပ်အကိုင်ပေါများခြင်း၊စီးပွားရေးနှင့် ငွေကြေးစီးဆင်းလည်ပတ်မှု အားကောင်းခြင်းတို့ ဖြစ်ထွန်းလာမည်ဖြစ်ကာ နိုင်ငံတော်စီးပွားရေးသည် ပိုမိုတိုးတက် ဖွံ့ဖြိုးခိုင်မာလာမည် ဖြစ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ လက်ထက်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်အဟုန်ဖြင့်တိုးတက်လာပြီး စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်များ တိုးချဲ့ထူထောင်လာခြင်း၊ အဆင့်မြင့်အိမ်ရာများ တည်ဆောက်လာခြင်း၊ စိုက်ပျိုးရေးအတွက် လျှပ်စစ် မြစ်ရေတင် စီမံကိန်းများ အမြောက်အမြား ဆောင်ရွက်ပေးခြင်း၊ ပြည်သူများ လူနေမှု အဆင့်အတန်း မြင့်မားလာခြင်း၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍအသီးသီးတွင်လည်း ခေတ်မီနည်းပညာနှင့် စက်ကိရိယာများအသုံးပြုခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အား သုံးစွဲမှုသည် အဆမတန် တိုးတက် များပြားလာပါသည်။

၁၉၈၈ခုနှစ် နောက်ပိုင်း ဓာတ်အားထုတ်လုပ်မှု အခြေအနေ

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်အတွင်း နှစ်စဉ်တိုးတက် သုံးစွဲနေသော လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရေးအတွက် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၊ စွန့်ပစ် အပူသုံး ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်၍ စဉ်ဆက်မပြတ် ဓာတ်အား ထုတ်လုပ်ပေးသကဲ့သို့ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှလည်း ရေအားလျှပ်စစ်စက်ရုံများနှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တိုးချဲ့တည်ဆောက်ပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူး ပေးလျက်ရှိပါသည်။

၁၉၈၈ခုနှစ်မတိုင်မီ တည်ဆောက်ပြီးစီးခဲ့သော ဓာတ်အားပေး စက်ရုံများ၏ အကျဉ်းချုပ်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ	(၂)ရုံ	၂၂၄·၀	မဂ္ဂါဝပ်
(ခ) အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ	(၁၁)ရုံ	၄·၂၅၈	မဂ္ဂါဝပ်
(ဂ) ဓာတ်ငွေ့/ရေနွေးငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ	(၉)ရုံ	၃၄၀·၀	မဂ္ဂါဝပ်
စုစုပေါင်း	**(၂၂)ရုံ**	**၅၆၈·၂၅၈**	**မဂ္ဂါဝပ်**

၁၉၈၈ ခုနှစ်နောက်ပိုင်းမှစ၍ ယနေ့အချိန်အထိ ထပ်မံ တည်ဆောက်ပြီးစီးခဲ့သော ဓာတ်အားပေးစက်ရုံများ၏ အကျဉ်းချုပ်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ	(၁၀)ရုံ	၅၄၃·၀	မဂ္ဂါဝပ်
(ခ) အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ	(၂၂)ရုံ	၃၁·၇၁၂	မဂ္ဂါဝပ်
(ဂ) ဓာတ်ငွေ့/ရေနွေးငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ	(၅)ရုံ	၄၃၃·၈	မဂ္ဂါဝပ်
(ဃ) ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ	(၁)ရုံ	၁၂၀·၀	မဂ္ဂါဝပ်
စုစုပေါင်း	**(၃၈)ရုံ**	**၁၁၂၈·၅၁၂**	**မဂ္ဂါဝပ်**

အထက်ပါစာရင်းများအရ နှိုင်းယှဉ်ကြည့်လျှင် လျှပ်စစ်ဓာတ်အား တိုးတက်လိုအပ်လာမှုကို ဖြည့်ဆည်းနိုင်ရန် အတွက် ဓာတ်အားပေးစက်ရုံများ ထပ်မံတည်ဆောက်ခဲ့ရာတွင် ၁၉၈၈ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ နှစ်(၂၀) ကာလ အတွင်း တိုးတက်လာခဲ့သော စက်တပ်ဆင်အင်အားမှာ ၁၉၈၈ခုနှစ် မတိုင်မီကာလက စက်တပ်ဆင်အင်အားထက် ၂၀၀ ရာခိုင်နှုန်းနီးပါး တိုးတက်ခဲ့ကြောင်းတွေ့ရှိရပါသည်။

၁၉၈၈ခုနှစ်နောက်ပိုင်းမှ ၂၀၀၈ခုနှစ် မတ်လအတွင်း ထပ်မံ တည်ဆောက်ပြီးစီးခဲ့သော လျှပ်စစ်ဓာတ်အားပေး စက်ရုံများ၏ အသေးစိတ်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၁၉၈၈ခုနှစ်နောက်ပိုင်းမှ ၂၀၀၈ခုနှစ် မတ်လအတွင်း ထပ်မံတည်ဆောက်ပြီးစီးခဲ့သော လျှပ်စစ်ဓာတ်အားပေးစက်ရုံ များ၏အသေးစိတ်စာရင်း

(က) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၁၀)ရုံ

စဉ်	စက်ရုံအမည်	တည်နေရာ	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)	ပြီးစီးသည့်နှစ်
၁	ဆည်တော်ကြီး	မန္တလေးတိုင်း	၁၂·၅ × ၂ = ၂၅	၁၉၈၉
၂	ဘီလူးချောင်း(၁)	ကယားပြည်နယ်	၁၄ × ၂ = ၂၈	၁၉၉၂
၃	ဇော်ဂျီ(၁)	ရှမ်းပြည်နယ်	၆ × ၃ = ၁၈	၁၉၉၅
၄	ဇော်ဂျီ(၂)	ရှမ်းပြည်နယ်	၆ × ၂ = ၁၂	၁၉၉၈
၅	ဇောင်းတူ	ပဲခူးတိုင်း	၁၀ × ၂ = ၂၀	၂၀၀၀
၆	သဖန်းဆိပ်	စစ်ကိုင်းတိုင်း	၁၀ × ၃ = ၃၀	၂၀၀၂
၇	မုန်း	မကွေးတိုင်း	၂၅ × ၃ = ၇၅	၂၀၀၄
၈	ပေါင်းလောင်း	မန္တလေးတိုင်း	၇၀ × ၄ =၂၈၀	၂၀၀၅
၉	ရဲနွယ်	ပဲခူးတိုင်း	၁၂·၅ × ၂ = ၂၅	၂၀၀၇
၁၀	ခပေါင်း	ပဲခူးတိုင်း	၁၅ × ၂ = ၃၀	၂၀၀၈
	စုစုပေါင်း		**၅၄၃**	

(ခ) အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၂၂)ရုံ

စဉ်	စက်ရုံအမည်	တည်နေရာ	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)	ပြီးစီးသည့်နှစ်
၁	ကတ္တလူ	တနင်္သာရီတိုင်း	၀·၁၅၀	၁၉၉၁
၂	ဂလိုင်ချောင်	ကချင်ပြည်နယ်	၁·၂၆၀	၁၉၉၁
၃	မိုးကုတ်	မန္တလေးတိုင်း	၄·၀၀၀	၁၉၉၁
၄	နမ့်လပ်ချောင်း	ရှမ်းပြည်နယ်	၀·၄၈၀	၁၉၉၁
၅	ကွန်ဟိန်း	ရှမ်းပြည်နယ်	၀·၂၅၀	၁၉၉၁
၆	ပါကျက်ဟော်	ရှမ်းပြည်နယ်	၀·၃၀၀	၁၉၉၂/၁၉၉၅
၇	မလိ(ရေတံခွန်ချောင်း)	တနင်္သာရီတိုင်း	၀·၁၉၂	၁၉၉၂
၈	နမ့်လောင်ချောင်း	ချင်းပြည်နယ်	၀·၂၀၀	၁၉၉၂
၉	ကျိန်ခရမ်ခ	ကချင်ပြည်နယ်	၂·၅၂၀	၁၉၉၃
၁၀	လိုင်ဗား	ချင်းပြည်နယ်	၀·၆၀၀	၁၉၉၄
၁၁	နမ့်မျှော်	ရှမ်းပြည်နယ်	၄·၀၀၀	၁၉၉၄
၁၂	နမ့်ဝုတ်	ရှမ်းပြည်နယ်	၃·၀၀၀	၁၉၉၄
၁၃	နမ့်စောင်ချောင်း	ရှမ်းပြည်နယ်	၀·၅၀၀	၁၉၉၆
၁၄	ဇီးချောင်း	စစ်ကိုင်းတိုင်း	၁·၂၆၀	၁၉၉၆
၁၅	နမ့်စောင်ငေါင်း	ရှမ်းပြည်နယ်	၄·၀၀၀	၁၉၉၆
၁၆	နမ်းခမ်းခ	ကချင်ပြည်နယ်	၅·၀၀၀	၁၉၉၆
၁၇	လဟယ်	စစ်ကိုင်းတိုင်း	၀·၀၅၀	၁၉၉၇
၁၈	တွီးဆောင်း	ချင်းပြည်နယ်	၀·၂၀၀	၁၉၉၇
၁၉	ချီချောင်း	ချင်းပြည်နယ်	၀·၂၀၀	၁၉၉၇
၂၀	မယ်ပန်	ရှမ်းပြည်နယ်	၁·၂၀၀	၂၀၀၂
၂၁	နမ့်ဟူးမွန်	ရှမ်းပြည်နယ်	၀·၁၅၀	၂၀၀၅
၂၂	ပသိ	ပဲခူးတိုင်း	၂·၂၀၀	၂၀၀၇
	စုစုပေါင်း		**၃၁·၇၁၂**	

၁၉၈၈ ခုနှစ်မတိုင်မီက အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၁၁)ရုံ တည်ဆောက်ပြီးစီးခဲ့ပြီး ၁၉၈၈ခုနှစ်မှ ၂၀၀၈ခုနှစ် မတ်လအတွင်း အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၂၂)ရုံ ထပ်မံ တည်ဆောက်ပြီးစီးခဲ့၍ ၂၀၀၈ခုနှစ်အထိ အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၃၃)ရုံ တည်ဆောက် ပြီးစီးခဲ့ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

❍ စာမျက်နှာ(၆)သတင်းဆောင်းပါးမှအဆက်

(ဂ) ဓာတ်ငွေ့/ရေနွေးငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ (၅)ရုံ

စဉ်	စက်ရုံအမည်	တည်နေရာ	တပ်ဆင်စက်အင်အား(မဂ္ဂါဝပ်)	ပြီးစီးသည့်နှစ်
၁	သာကေတ(ဓာတ်ငွေ့)	ရန်ကုန်တိုင်း	၁၉ × ၃ = ၅၇.၀	၁၉၉၀
	သာကေတ (ရေနွေးငွေ့)		၃၅ × ၁ = ၃၅.၀	၁၉၉၇
၂	အလုံ(ဓာတ်ငွေ့)	ရန်ကုန်တိုင်း	၃၃.၃ × ၃ = ၉၉.၉	၁၉၉၅
	အလုံ(ရေနွေးငွေ့)		၅၄.၃ × ၁ = ၅၄.၃	၁၉၉၉
၃	လှော်ကား(ဓာတ်ငွေ့)	ရန်ကုန်တိုင်း	၃၃.၃ × ၃ = ၉၉.၉	၁၉၉၆
	လှော်ကား(ရေနွေးငွေ့)		၅၄.၃ × ၁ = ၅၄.၃	၁၉၉၉
၄	သထုံ(ဓာတ်ငွေ့)***	မွန်ပြည်နယ်	၁၆.၂၅ × ၂ = ၃၂.၅	၂၀၀၁
၅	ရွာမ(နီဒို)(ဓာတ်ငွေ့)	ရန်ကုန်တိုင်း	၂၄ × ၁ = ၂၄.၀	၂၀၀၄
	ရွာမ (နီဒို)(ရေနွေးငွေ့)		၉.၄ × ၁ = ၉.၄	၂၀၀၄
	စုစုပေါင်း		**၄၃၃.၈**	

***မြန်အောင်စက်ရုံမှ ၁၉၇၅ ခုနှစ်တွင် တည်ဆောက်ခဲ့သော စက်(၂)လုံး စုစုပေါင်း အင်အား (၃၂.၅) မဂ္ဂါဝပ်ကို ၂၀၀၁ ခုနှစ်တွင် သထုံစက်ရုံသို့ ပြောင်းရွှေ့တပ်ဆင်ခြင်းဖြစ်ပါသည်။ သို့ပါ၍ စုစုပေါင်း တပ်ဆင်အင်အား တွင် ထပ်မံတွက်ချက်ထားခြင်းမရှိပါ။

(ဃ) ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၁)ရုံ

စဉ်	စက်ရုံအမည်	တည်နေရာ	တပ်ဆင်စက်အင်အား(မဂ္ဂါဝပ်)	ပြီးစီးသည့်နှစ်
၁	တီကျစ်	ရှမ်းပြည်နယ်(တောင်ပိုင်း)	၆၀ × ၂ = ၁၂၀	၂၀၀၅
	စုစုပေါင်း		**၁၂၀**	

စုစုပေါင်း(က)+(ခ)+(ဂ)+(ဃ) **၁၁၂၈.၅၁၂**

၂၀၀၈ ခုနှစ်၌ လက်ရှိ တပ်ဆင်စက်အင်အားနှင့် ဓာတ်အားထုတ်လုပ်မှုအခြေအနေ အကျဉ်းချုပ်စာရင်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

လက်ရှိတပ်ဆင်စက်အင်အားနှင့် ဓာတ်အားထုတ်လုပ်မှု

စက်အမျိုးအစား	(၂၀၀၇-၂၀၀၈)ခုနှစ် တပ်ဆင်စက်အင်အား(မဂ္ဂါဝပ်)			(၂၀၀၆-၂၀၀၇)ခုနှစ် လျှပ်စစ်ထုတ်လုပ်မှု (ယူနစ်သန်းပေါင်း)
	ဓာတ်အားစနစ်	ဓာတ်အားစနစ်ပြင်ပ	စုစုပေါင်း	
ရေအားလျှပ်စစ်	၇၆၇.၀၀	၃၅.၉၇	၈၀၂.၉၇(၄၆.၇၂%)	၃၃၂၄.၆၃(၅၃.၉၃%)
ဓာတ်ငွေ့/ရေနွေးငွေ့	၇၁၄.၉၀	၁၀.၉၀	၇၂၅.၈၀(၄၂.၂၃%)	၂၄၁၀.၁၃(၃၉.၁၀%)
ကျောက်မီးသွေး	၁၂၀.၀၀	-	၁၂၀.၀၀(၆.၉၈%)	၄၀၁.၃၁(၆.၅၁%)
ဒီဇယ်	-	၆၉.၇၉	၆၉.၇၉(၄.၀၇%)	၂၈.၀၈(၀.၄၆%)
စုစုပေါင်း	၁၆၀၁.၉၀	၁၁၆.၆၆	၁၇၁၈.၅၆	၆၁၆၄.၁၅

ပြည်သူလူထုနှင့် ပုဂ္ဂလိကစက်ရုံ အလုပ်ရုံများ၊ နိုင်ငံပိုင် ကုန်ထုတ် လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများမှ တိုးတက်လိုအပ်လာမည့် လျှပ်စစ် ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများကို ကိုယ်တိုင်ဓာတ်အားထုတ်လုပ်ခြင်းဖြင့်လည်းကောင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်များမှ ဓာတ်အားထုတ်လုပ်ခြင်းကို ဝယ်ယူ၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

ထိုလျှပ်စစ်ဓာတ်အားများကို ဓာတ်အားသုံးစွဲသူ ပြည်သူလူထုထံအရောက် ပို့လွှတ်ရန် တည်ဆောက်ဆောင်ရွက်ထားရှိသော မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများ အခြေအနေကိုပြုစု၍ ဆက်လက်တင်ပြသွားပါမည်။

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)အမှတ်(၁၅)ဖြန့်ချိ

ရန်ကုန် ဧပြီ ၆

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ် ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၅)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ ဒိုင်ယာရီ သင်္ကြန်… သင်္ကြန်…ခေတ်ပြောင်းကြိုမည့် သင်္ကြန်လားနှင့်အတူ ပို့ကုန်များပိုမိုလျင်မြန်စွာတိုးချဲ့ တင်ပို့နိုင်ရေးအတွက် သဘော်္ာသစ်များ တိုးချဲ့ပြေးဆွဲမည်၊အိန္ဒိယက မြန်မာနိုင်ငံတွင် ဆိပ်ကမ်းတစ်ခု တည်ဆောက်ပေးမည်၊ မမှန်ကန်သော ဓာတ်ခွဲခန်းများကြောင့် ဆေးစစ်သူများ ဒုက္ခရောက်ရ၊ ကန်တော်ကြီးပတ်လမ်းတွင် ပထမဆုံးအကြိမ်အဖြစ် သင်္ကြန်မဏ္ဍပ်များ ဆောက်ခွင့်ပေး၊အယောင်ဆောင်အေးဂျင့်များကြောင့် ကာတာသွားသည့်သူများ ဒုက္ခရောက်၊ ဂီတပညာရှင်များ၏ ရပိုင်ခွင့် နိုင်ငံတကာအဆင့်နှင့်အညီ ဆောင်ရွက်ပေးမည် စသည့်ပြည်တွင်းရေးရာသတင်းများနှင့် အတူ လုယက်မှုကျူးလွန်သူကို လက်ခံလျှင် ဥပဒေပြစ်ဒဏ်နှင့် နစ်နာစေရန် အကြံဖြင့် မမှန်စွပ်စွဲလျှင် ကျခံရမည့် ဥပဒေပြစ်ဒဏ်၊အလုပ်နှင့်ပညာရေးလမ်းညွှန် စင်ကာပူ HYPER MARKET များတွင် လုပ်ကိုင်လိုလျှင်…၊ ဘုန်းလူလှ၏ ထွေရာလေးပါး စိတ်ဝင်စားခြင်းကဲ့သို့သော သုံးသပ်ဆောင်ပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

'အကျိုးဆက်တစ်ခုဖြစ်စေမှာက ကျွန်မပတ်လိုက်တဲ့ အသေခံခါးပတ်တစ်ခုမဟုတ်ဘူး ပညာရေးသာဖြစ်တယ်' အသေခံဗုံးခွဲမည့် ပါလက်စတိုင်းသူ ရှိဖာအယ်လ်ကွတ်ဆီနှင့် တွေ့ဆုံခြင်း အင်တာဗျူးဆောင်ပါးနှင့်အတူ ဒီမိုကရေစီအပြောင်းအလဲကချက်ချင်း အသားမကျနိုင်သော်လည်း ရေရှည်တွင်ဘူတန်နိုင်ငံသည် တိုးတက်မည့် အလားအလာများရှိ၊ တစ်ကိုယ်တည်း စကားပြောတတ်သော ကလေးများ စွမ်းဆောင်ရည်မြင့်မားကြောင်း သုတေသနပြုတွေ့ရှိ၊ စီးပွားရေးကျပ်တည်းမှု အရိပ်အယောင်များကြောင့် ဘုရင်မကြီးရဲ့ စိန်ရတုမင်္ဂလာအခမ်းအနား ဖျက်သိမ်း၊ ဇနီးနှစ်ဦးပေါင်း၍ ခင်ပွန်းသည်ကို ကွာရှင်းပြတ်စဲခွင့်တောင်း၊ အီဖယ်မျှော်စင်ကို ပုံစံသစ်ပြင်ဆင်သွားမည်၊ အကြမ်းဖက်မှုဆန့်ကျင်ရေးအဖွဲ့မှ အစီအစဉ်များ အမှိုက်ပုံးထဲတွင်တွေ့ရ စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်ပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ကမြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။သင်္ကြန်ပိတ်ရက်များအတွင်း ဖလားဝါးနယူးစ်ဂျာနယ် နှစ်ပတ်နားထားမည်ဖြစ်ပြီး ဧပြီလ ၂၈ရက်မှစတင်၍ ပုံမှန်အတိုင်းပြန်လည် ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မီး

သတိပြု

စတုဘုမ္မိက မဂ္ဂင်ရိပ်သာ သင်္ကြန် တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၆

သင်္ဃန်းကျွန်းမြို့နယ် ဇ/မြောက်ရပ်ကွက် ပြည်သာယာလမ်း စတုဘုမ္မိက မဂ္ဂင်ရိပ်သာ၌ ကာယနုပဿနာ သတိပဋ္ဌာန် တရားစခန်းကို ဧပြီ ၁၃ရက်မှ ၁၉ရက်အထိ ပဓာန နာယက ဆရာတော် အရှင်ကုမာရ (သာသနာ့ဇောတိကဓမ္မာစရိယ၊ ဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယ၊ တိုင်းသံဃနာယက)က ကျေးဇူးရှင် ရွှေမင်းဝံ ၄က်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားမည် ဖြစ်သည်။ တရားစခန်းဝင်လိုပါက ဖုန်း-၅၇၁၉၂၉၊ ၅၆၄၈၅၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ကြာနီကန် ဦးရေဝတ(ဝါးခယ်မ)တရားပွဲ

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် လိပ်ပြာကန် ကြာနီကန် ကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံကျော် ဓမ္မကထိက ကြာနီကန် ဦးရေဝတ (ဝါးခယ်မ) ဆရာတော်သည် ဧပြီ ၁၀ရက်ညတွင် ၁၀၄ရပ်ကွက် တရားမဏ္ဍပ် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ၁၁၊ ၁၂ရက် ညများတွင် ဆူးကလပ်ကျေးရွာ ဦးဝင်းမြင့်-ဒေါ်စန်းငွေ ရှင်ပြုအလှူပွဲတရားမဏ္ဍပ် ဒေးရဲမြို့နယ်၊ ၁၃-၁၄ရက် ညများတွင် စံပြရပ်ကွက် တရားမဏ္ဍပ် ကွမ်းခြံကုန်းမြို့နယ်၊ ၁၅ရက်ညတွင် မာလာမြိုင်(၃)လမ်း တရားမဏ္ဍပ် အုတ်ကျင်း လှိုင်မြို့နယ်၊ ၁၆ရက်ညတွင် (ည)ရပ်ကွက် ဝေဘာဂီလမ်း သာသနာ့ရက္ခိတ ဓမ္မာရုံတရားမဏ္ဍပ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ၁၇ရက်ညတွင် ဖွဲ့ထော်ကျေးရွာ တရားမဏ္ဍပ် ခရမ်းမြို့နယ်၊ ၁၈-၁၉-၂၀ရက်ညများတွင် ညောင်ပင်ဝိုင်းကျေးရွာ တရားမဏ္ဍပ် မအူပင်မြို့နယ်၊ ၂၁ရက်ညတွင် ကယတ်သီတာမြိုင်ရပ်ကွက် တရားမဏ္ဍပ် ကျောက်တန်းမြို့နယ် တရားမဏ္ဍပ်များတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ရာ ဖုန်း-၀၁၅၅၈၂၉၇၊ ၀၉၅၀၃၃၅၈၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပါကစ္စတန်တပ်မတော်မှ လေ့လာရေးအဖွဲ့ မြန်မာနိုင်ငံသို့ လေ့လာရေးခရီးရောက်ရှိ

ရန်ကုန် ဧပြီ ၆

ပါကစ္စတန် တပ်မတော်မှ Inspector General Training and Evaluation ဖြစ်သူ Lieutenant General Hamid Rab Nawaz ဦးဆောင်သော ပါကစ္စတန်တပ်မတော် လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈နာရီ ၄၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

အဆိုပါ ပါကစ္စတန် တပ်မတော်လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မြဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) လာရောက်ကြည့်ရှု အပန်းဖြေနိုင်

နေပြည်တော် ဧပြီ ၆

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကိုဖွင့်လှစ်ထားပြီးဖြစ်ရာအများပြည်သူတို့ အနေဖြင့် တနင်္လာနေ့မှအပ နေ့စဉ် နံနက် ၈နာရီမှ ညနေ ၄နာရီအထိ လာရောက်ကြည့်ရှုအပန်းဖြေနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်ရွတ်ဆိုတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သဘာဝဂုဏ်အင် ထူးခြားအလှဆင် သင်ပုန်းကျောက်များ
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅ ၆။ ခါသင်္ကြန် အဆိုအကများ
၈း၂၀ ၇။ ကဗျာပန်းဥယျာဉ်
၈း၃၀ ၈။ International News.
၈း၄၅ ၉။ **"နတ်လူသာစုခေါ်စေသော်" (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ-သော်ကိုကိုကျော်)**
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၂၅ ၃။ ကွန်းချောင်းရေလှောင်တမံ
၄း၃၅ ၄။ သက်တံရောင်သံစဉ်
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် ရေးတေးများ
၅း၁၀ ၇။ ခါသင်္ကြန်အဆိုအကများ
၅း၂၀ ၈။ **"စက်မှုပွဲဖြိုး တိုတိုင်းပြည်အကျိုး" (ဖြိုးငွေစိုး၊ မိုးဒီ၊ သဇင်၊ နှင်းဆီ) ဒါရိုက်တာ-တင်အောင်ရွှေ(သုတေသီ)**
၅း၃၀ ၉။ တေးဂီတအစီအစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၅၅ ၁၃။ တေးဂီတအစီအစဉ်
၇း၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တယ်--ချစ်တယ်" (အပိုင်း-၁၂)**
၇း၅၀ ၁၅။ ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေး ဆရာဒကာ လက်တွဲညီစွာ ကြိုးပမ်းဆောင်ရွက်မှု (အပိုင်း-၄)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာမျဉ်းပြိုင်" (အပိုင်း-၁၆)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန်လို မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်နေသည်ကို အားပေးကြိုဆို

အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာပတေးလ်

မိမိတို့နှစ်နိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ရင်းနှီးစွာဆက်စပ်လျက်ရှိ မြန်မာနိုင်ငံ၏သယံဇာတများနှင့် အိန္ဒိယနိုင်ငံ၏နည်းပညာများပေါင်းစပ်ကာ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရေးဆောင်ရွက်နိုင်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

ကျောဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးက ဆွေးနွေးပြောကြားရာ၌ သမ္မတကြီးအနေဖြင့် အိန္ဒိယနိုင်ငံ၏ သမ္မတတာဝန်ကို စတင်တာဝန်ယူချိန်မှစပြီး ပထမဆုံးအကြိမ် ယခုကဲ့သို့ မိမိတို့ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ မိမိတို့နိုင်ငံအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သမ္မတကြီး ကျန်းမာချမ်းသာစေရန် နှုတ်ခွန်းဆက် ဆုမွန်ကောင်းတောင်းလိုက်ကြောင်း မိမိမှတစ်ဆင့် မှာကြားလိုက်ပါကြောင်း။

ရင်းနှီးစွာဆက်စပ်

မိမိတို့ နှစ်နိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက သမိုင်းကြောင်းအရ ရင်းနှီးစွာဆက်စပ်လျက်ရှိပါကြောင်း၊ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့မြှင့်တင်ခြင်းဖြင့် နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိစေမည်သာမက ဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကိုလည်း အထောက်အကူဖြစ်စေမှာ ဖြစ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်ရန်လို

မြန်မာနိုင်ငံ၏ သယံဇာတများနှင့် အိန္ဒိယနိုင်ငံ၏ နည်းပညာများ ပေါင်းစပ်ကာ နှစ်ဦးနှစ်ဖက်အကျိုး ဖြစ်ထွန်းရေးဆောင်ရွက်နိုင်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်နိုင်ရန်အတွက် မိမိနှင့် အတူ စီးပွားရေးနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာန ဝန်ကြီးများနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များကိုလည်း ခေါ်ဆောင်လာခဲ့ပါကြောင်း။ မိမိတို့၏ နှစ်နိုင်ငံအကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်နေမှုကို ဘက်စုံကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။

ရှင်းလင်းပြောကြား

မိမိတို့နှစ်နိုင်ငံအကြား ကြီးမားသည့် ပြဿနာမရှိပါကြောင်း၊ ပြဿနာပေါ်ပေါက်ခဲ့ပါလျှင် လည်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုတို့ဖြင့် ဖြေရှင်းခဲ့ကြပါကြောင်းဖြင့် ပြောကြားပြီး မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ်ပရာတီဘာပတေးလ်က ပြန်လည် ပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန်လိုပါကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ၌ အထူးသဖြင့်သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍတွင် အကူအညီပေးရန် အဆင်သင့်ဖြစ်ပါကြောင်း၊ စွမ်းအင်ကဏ္ဍ၌ နည်းပညာလွှဲပြောင်းခြင်း အကူအညီများလည်း ပေးနိုင်ပါကြောင်း။

အားပေးကြိုဆို

မြန်မာနိုင်ငံတွင် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည်ကို အားပေးကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏ အားထုတ်ကြိုးပမ်းနေမှုများအပေါ် မိမိနားလည်သဘောပေါက်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာပတေးလ်အား နယူးဒေလီမြို့ရှိ သမ္မတ အိမ်တော် Rashtrapati Bhawar ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကျောဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် လေယာဉ်ပေါ်မှ ဆင်းသက်လာကြရာ အိန္ဒိယသမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး (Minister 0f State For Commerce) Shri Jairam Ramesh၊ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် Shri Nalin Surie၊ တွဲဖက်အတွင်းဝန် Shri T.S. Tirumurti ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Bhaskar Kumar Mitra နှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုပန်းစည်းပေးအပ်

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား မြန်မာအမျိုးသမီးငယ် နှစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံသံအမတ်ကြီး၏ ဇနီး ဒေါ်မာမာရိုရှိ၊ စစ်သံမှူး ဗိုလ်မှူးကြီးနေဝင်းနှင့်ဇနီး ဒေါ်နွယ်နွယ်ခင်၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်ဦးစိုးပိုင်နှင့်ဇနီး ဒေါ်အေးမြင့်သန်းနှင့် သံရုံးမိသားစုများက ဂါရဝပြု ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် ဂုဏ်ပြုခံစင်မြင့်သို့သွားရောက်ပြီး ဂုဏ်ပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

နိုင်ငံတော်သီချင်း တီးမှုတ်ဂုဏ်ပြု

ထိုအချိန်တွင် စစ်တီးဝိုင်းက ပြည်ထောင်စု မြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ သီချင်းတို့ကို တီးမှုတ်ဂုဏ်ပြုသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Bhaskar Kumar Mitra နှင့်တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ပါလမ်လေတပ် စခန်းဌာနချုပ်မှ ခေတ္တတည်းခိုမည့် တာ့ဂျ်မဟာဟိုတယ်သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

(သတင်းစဉ်)



ဒေသဆို

အပြန်အလှ

အိန္ဒိယ

နှစ်နိုင်ငံဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံ

သွားရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အတူ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ် ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး Mr. Pranab Mukherjee၊ အမျိုး သားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် Mr. N.K. Naraganan၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Jairam Ramesh၊ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် Mr. Shiv - Shankar Menon နှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Bhaskar Kumar Mitra တို့ တက်ရောက်ကြသည်။

ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ မျက်နှာစာများတွင် မိမိတို့နှစ်နိုင်ငံ အပြန်အလှန် နားလည်မှုရှိရှိ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ဆက်ဆံရေးကို အထူးအလေးထားတန်ဖိုးထား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိုလည်း ပိုမိုအရှိန်အဟုန်မြှင့်တင်သွားရန်ဆန္ဒရှိ

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဒေါက်တာ မန်မိုဟန်ဆင်း

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းအား ဧပြီ ၂ ရက် ညနေ ၅ နာရီတွင် နယူးဒေလီမြို့ရှိ ဝန်ကြီးချုပ်၏နေအိမ်သို့ သွားရောက်တွေ့ဆုံသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းအား နယူးဒေလီမြို့ရှိ ဝန်ကြီး ချုပ်၏ နေအိမ်၌ သွားရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အတူ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ် ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး Mr. Pranab Mukherjee၊ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် Mr. N.K. Naraganan၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Jairam Ramesh၊ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် Mr. Shiv - Shankar Menon နှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Bhaskar Kumar Mitra တို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ဆွေးနွေးပြောကြားရာ၌ မိမိ၏ ယခုအိန္ဒိယချစ်ကြည်ရေး ခရီးစဉ်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ကို ပိုမိုခိုင်မြဲစေသည်သာမက နှစ်နိုင်ငံအကြား၊ တပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုတိုးမြှင့်နိုင်မည်ဖြစ်ပါကြောင်း။

အိမ်နီးချင်းကောင်းပီသ

မိမိတို့ နှစ်နိုင်ငံအကြား၌ ကြီးမားသည့်ပြဿနာဟူ၍ မရှိပါကြောင်း၊ ပဉ္စသီလခေါ် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅)ရပ် အပေါ်အခြေခံပြီးအိမ်နီးချင်းကောင်းပီသစွာဖြင့် ချစ်ကြည်ရင်းနှီး စွာ နေထိုင် ဆက်ဆံလျက်ရှိပါကြောင်း။

ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် လူမှုစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရာ၌ တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအသင်း (SAARC- South Asia Association of the Regional Cooperation)၏ အရေးပါသည့် အခန်းကဏ္ဍကိုလည်း မိမိတို့ နားလည် သဘောပေါက်ပါကြောင်း၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ မျက်နှာစာများတွင် မိမိတို့ နှစ်နိုင်ငံ အပြန်အလှန် နားလည်မှုရှိရှိ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

တည်ရှိ

မကြာမီနှစ်များအတွင်းက မိမိတို့နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ အိန္ဒိယနိုင်ငံခရီးစဉ်နှင့် ယခင် အိန္ဒိယနိုင်ငံသမ္မတ အဗ္ဗဒူကလမ်၏ မြန်မာနိုင်ငံခရီးစဉ်တို့သည် နှစ်နိုင်ငံဆက်ဆံရေး၌ ထူးခြားသော မှတ်တိုင်များအဖြစ် တည်ရှိလျက်ရှိပါကြောင်း။

နှစ်နိုင်ငံ၏ ကုန်သွယ်မှုမှာ မျှော်မှန်းထားသည့် ပမာဏကို မပြည့်မီသေးသော်လည်း မှန်မှန်တိုးတက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံက ကူညီထောက်ပံ့ပေးမှုများနှင့် စပ်လျဉ်း၍လည်း ကျေးဇူးတင်ရှိပါကြောင်း။

ကုလားတန် ဘက်စုံစီမံကိန်းသည် မိမိတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ သင်္ကေတတစ်ခုဖြစ်ပါကြောင်း၊သတင်းနှင့် နည်းပညာကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့၌ အိန္ဒိယနိုင်ငံက လိုအပ်သော ကူညီထောက်ပံ့မှုများ တိုးမြှင့်ပူးပေါင်းဆောင်ရွက်မည်ဟု သိရှိရ၍ ဝမ်းသာကျေးဇူးတင်ရှိပါကြောင်း။

နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို မိမိတို့အနေဖြင့် အလေးထားပါကြောင်း၊ မိတ်ဆွေအိမ်နီးချင်းနိုင်ငံများကို အန္တရာယ်ပေးမည့် မည်သည့်အဖွဲ့အစည်းကိုမျှမိမိတို့ပိုင်နက်နယ်မြေကို အသုံးပြုခွင့်ပေးသွားမည် မဟုတ်ကြောင်း၊ ထို့အတူ အိန္ဒိယကလည်း မြန်မာနိုင်ငံကို ဆန့်ကျင်မည့် အဖွဲ့အစည်းများအား အိန္ဒိယနယ်မြေအတွင်း လှုပ်ရှားခွင့်မပြုသည့် ရပ်တည်ချက်ကိုလည်း မိမိတို့အနေဖြင့် အသိအမှတ်ပြု အလေးထားပါကြောင်းဖြင့် ပြောကြားပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ အကောင် အထည်ဖော်ရာ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို အတည်ပြုမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပမည့်အဆင့်သို့ ရောက်ရှိနေမှုအခြေအနေကို ရှင်း လင်း အသိပေးပြောကြားသည်။

အလွန်အရေးကြီး

ထို့နောက် အိန္ဒိယ သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းက ပြန်လည်ဆွေးနွေးပြောကြားရာ၌ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို အထူးအလေးထား တန်ဖိုးထားသည့်အပြင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကိုလည်း ပိုမိုအရှိန်အဟုန် မြှင့်တင်သွားရန် ဆန္ဒရှိပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၌ ဦးစားပေး ကဏ္ဍများရှိပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်၍ တည်ငြိမ်အေးချမ်းနေရန်မှာ အလွန်အရေးကြီးပါကြောင်း။

ယုံကြည်

မိမိတို့နှစ်နိုင်ငံသည် နှစ်နိုင်ငံချင်းဆက်ဆံရေးသာမက ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ လက်မှတ်ရေးထိုးမည့် နားလည်မှုစာချွန်လွှာများသည် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အရှိန်အဟုန် မြှင့်တင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ဝမ်းသာကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏ အရေးကိစ္စကို မြန်မာနိုင်ငံသားများကသာ အသိဆုံးဖြစ်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

ပြင်သစ် အပျော်စီးရွက်သင်္ဘောတစ်စင်း ဆိုမာလီ ရေပြင်တွင် အပိုင်စီးခံရ

ပါရီ မေ ၆

အာဖရိကဒေသဆိုမာလီကမ်းလွန်ရေပြင်တွင်ပြင်သစ်ရွက်သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများကဖမ်းဆီးသွားကြောင်း၊ ယင်းသင်္ဘောနောက်သို့ ပြင်သစ်တပ်ဖွဲ့ဝင်များနောက်ယောင်ခံလိုက်လျက်ရှိသော်လည်းသင်္ဘောပေါ်တွင် လိုက်ပါသွားသူ ၃၀ တို့လွတ်မြောက်ရေးအတွက် အင်အားမသုံးဘဲဆောင်ရွက်နိုင်မည်ဟု ယူဆကြောင်းပြင်သစ်ဝန်ကြီးချုပ်က ဧပြီ ၅ ရက်တွင် ပြောကြားသည်။

အပိုင်စီးခံရသော သင်္ဘောမှာ ပြင်သစ်ပိုင် အရှည် ၂၈၈ ပေရှိ လီမိုနင့်အမည်ရှိ ရွက်သင်္ဘောဖြစ်သည်။ အဆိုပါသင်္ဘောသည်ခရီးသည်များကို ပို့ပြီးနောက် အိန္ဒိယသမုဒ္ဒရာတွင်းရှိ ဆေရှယ်လ်ကျွန်းမှ ပြန်လာစဉ် ပင်လယ်ဓားပြများအပိုင်စီးခံရခြင်းဖြစ်သည်။ ထိုသင်္ဘောသည် စီအမ်အေ-စီဂျီအမ်ကုမ္ပဏီပိုင် ဇိမ်ခံရွက်သင်္ဘောဖြစ်သည်။

သင်္ဘောပေါ်တွင် ဓားစာခံအဖြစ် အဖမ်းခံထားရသူများကို အန္တရာယ်မဖြစ်စေဘဲ ထိုပြဿနာကို ပြေလည်စေနိုင်မည့် နည်းလမ်းအားလုံးကို အသုံးပြု ကြိုးပမ်းလျက် ရှိသည်။ အင်အားမသုံးဘဲယင်းကိစ္စကိုဖြေရှင်းနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြင်သစ်ဝန်ကြီးချုပ် ဖရန်ကိုစစ်ဖီလွန်က ပြောကြားသည်။

လောလောဆယ်တွင် ပြင်သစ်ရေတပ်မှ ဖရီးဂိတ်စစ်သင်္ဘော လီကမန်းဒင့်ဗျူအန်သည်အဆိုပါရွက်သင်္ဘောနောက်သို့ လိုက်လျက်ရှိသည်။ ဤသို့ ရှာဖွေရာ၌ ကနေဒါ ရဟတ်ယာဉ်တစ်စင်းကလည်း ပါဝင်ကူညီလျက်ရှိသည်။

လောလောဆယ်အခြေအနေတွင် ဇိမ်ခံရွက်သင်္ဘောသည်အိန္ဒိယသမုဒ္ဒရာ ဆိုမာလီကမ်းလွန်ဒေသပင်လယ်ကွေ့တွင် ခုတ်မောင်းလျက်ရှိကြောင်း ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အင်တာနက်။

ဆိုမာလီနိုင်ငံ ကမ်းလွန်ရေပြင်တွင် ဧပြီ ၄ ရက်က အပိုင်စီးခံရသော ပြင်သစ်နိုင်ငံပိုင် လီမိုနင့် အပျော်စီးရွက်သင်္ဘောကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဝေလငါးနှင့် လင်းပိုင် စောင့်ကြည့်ရေးလုပ်ငန်း ပစိဖိတ်ကျွန်းနိုင်ငံများအတွက် အကျိုးဖြစ်ထွန်း

ဝယ်လင်တန် ဧပြီ ၅

ဝေလငါးနှင့် လင်းပိုင်စောင့်ကြည့်လေ့လာရေးလုပ်ငန်းသည် ပစိဖိတ်ဒေသတွင်အမြန်ဆန်ဆုံး ဖွံ့ဖြိုးသည့်လုပ်ငန်းတစ်ခုဖြစ်ပြီး ယင်းလုပ်ငန်းကြောင့် နယူးဇီလန်ကျွန်းနိုင်ငံ၏ စီးပွားရေးကဏ္ဍအတွက် ဝင်ငွေအဖြစ်ဒေါ်လာသန်းချီရရှိနေကြောင်း နယူးဇီလန်ရေဒီယိုက ကြာသပတေးနေ့တွင် ကြေညာသည်။ ဝေလငါးစောင့်ကြည့်လေ့လာရေးလုပ်ငန်းမှ တစ်နှစ်လျှင် နယူးဇီလန် သုံးဒေါ်လာ ၂၆ ဒသမ ၇သန်း (အမေရိကန်ဒေါ်လာ ၂၁သန်း) အထိ ပစိဖိတ်နိုင်ငံများအတွက် ဝင်ငွေရရှိသည်ဟု နိုင်ငံတကာ တိရစ္ဆာန်ဖူလုံရေးရန်ပုံငွေအဖွဲ့က ထုတ်ပြန်သည့် အစီရင်ခံစာကို ကိုးကား၍ ရေဒီယိုကကြေညာသည်။

ယင်းဒေသရှိလူအများစုက ဝေလငါးစောင့်ကြည့်လေ့လာမှုမှရရှိသည့်ငွေသည် နှစ်စဉ်ပျမ်းမျှအားဖြင့် ၄၅ရာခိုင်နှုန်းအထိမြင့်မားလာခဲ့သည်ဟုဆိုသည်။ ယင်းကိန်းဂဏန်းများတွင် နယူးဇီလန်နှင့် ဩစတြေးလျမှ စာရင်းများမပါဝင်ပေ။ ပစိဖိတ်ကျွန်းနိုင်ငံများတွင် ၁၉၉၈ခုနှစ်တွင်ဝေလငါးနှင့် လင်းပိုင်စောင့်ကြည့်သူ ၁၀၃၀၉ ဦးအထိရှိခဲ့ပြီး ၂၀၀၅ခုနှစ်တွင် ၁၁၀၇၁၆ ဦးအထိရှိ ခဲ့သည်ဟုအစီရင်ခံစာတွင်ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်၌ အိမ်မီးလောင် လူ ၁၀ ဦးသေဆုံး

ဝါရှင်တန် ဧပြီ ၆

အမေရိကန်နိုင်ငံ ပင်စလိုင်ဗာနီယား ဂျက်ဖာဆွန်တွင် ဧပြီ ၃ရက် နံနက်ကနေအိမ်တစ်လုံးမီးလောင်ရာ လူ၁၀ဦးသေဆုံးသွားသည်ဟု စီအင်န်အင်န်ရုပ်သံဌာနက ထုတ်လွှင့်သည်။

နံနက် ၂ နာရီ ၄၅ မိနစ်ခန့်တွင် မီးလောင်ကျွမ်းခဲ့ရာ နေအိမ်မျက်နှာစာလုံးဝပျက်စီးသွားပြီး အိမ်အပြင်၌ ရပ်ထားသော ကားနှစ်စီးလည်း လောင်ကျွမ်းခဲ့ကြောင်း၊အခင်းဖြစ်ရာနေရာသို့ မီးသတ်သမားများ အလျင်အမြန်ရောက်ရှိလာကြောင်း ဒေသဆိုင်ရာ ဒဗလျူပီအိပ်ချ်အိုင် သတင်းဌာနနှင့်စီအင်န်အင်န်ရုပ်သံကသတင်းဖော်ပြသည်။

မိနစ်ပိုင်းအတွင်း မီးသတ်သမားများ ရောက်ရှိချိန်တွင် အိမ်မှာ မီးလောင်ကျွမ်းနေသည်ဟု သတင်း၌ ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်တပ်ဖွဲ့၏ မိသားစုဝင်များအား အိုကီနာဝါဒေသ၌ဖမ်းဆီး

တိုကျို ဧပြီ ၆

ဂျပန်နိုင်ငံသားအငှားယာဉ်မောင်းတစ်ဦးအား ရိုက်နှက်ပြီး ယန်းငွေ ၈၀၀၀ ခန့် (အမေရိကန်ဒေါ်လာ ၈၀ခန့်)လုယက်မှုတွင်ပါဝင်ပတ်သက်သည်ဟု သံသယရှိသူ ဂျပန်နိုင်ငံ အိုကီနာဝါ စီရင်စုဒေသရှိ အမေရိကန်ရေတပ်နှင့် လေတပ်ဖွဲ့၏ မိသားစုဝင်အချို့ကို ဧပြီ ၄ ရက်က ဖမ်းဆီးခဲ့သည်။

၁၆ နှစ်အရွယ်ရှိ အမေရိကန်လေတပ်ဖွဲ့ဝင်၏ သားတစ်ဦးနှင့် ၁၅ နှစ်အရွယ်ရှိ အမေရိကန်ရေတပ်ဖွဲ့ဝင်၏ သားတစ်ဦးကို ဖမ်းဆီးခဲ့ပြီး အသက်၂၁ နှစ်အရွယ် အမေရိကန်လေတပ်ဖွဲ့ဝင် တစ်ဦးကို ၄င်းအမှုနှင့် ပတ်သက်ပြီး စစ်ဆေးမေးမြန်းခဲ့ကြောင်း ရဲတပ်ဖွဲ့က ထည့်သွင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟေတီနိုင်ငံတွင် ဧပြီ ၄ ရက်က ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့များက ရိက္ခာ ဖြန့်ဝေပေးရာ တိုးဝှေ့ယူနေသူများအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟေတီနိုင်ငံ၌ အဓိကရုဏ်းဖြစ်ပွား လေးဦးသေဆုံးပြီး ၂၀ ဒဏ်ရာရ

ဟေတီ ဧပြီ ၆

ဟေတီနိုင်ငံတောင်ပိုင်းတွင် ရိက္ခာဈေးနှုန်းများကြီးမြင့်မှုကြောင့် ဆန္ဒပြရာမှ အဓိကရုဏ်းအသွင်သို့ ကူးပြောင်းသွားသည့်အတွက် အနည်းဆုံး လေးဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိ သွားကြောင်း အာဏာပိုင်များက ပြောကြားသည်။

လက်စ်ကေးရိမ်မြို့တွင် လူအုပ်ဖြင့်လမ်းမများတွင် လမ်းပိတ်ဆို့ခြင်း၊ ဈေးဆိုင် များကို လုယက်ခြင်းများ လုပ်ကာ ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့များကိုပါပစ်ခတ်ခဲ့ကြသည်။ ထိုတပ်ဖွဲ့များက လက်နက်ကိုင်ထားသူများကို ပြန်လည်ပစ်ခတ်ခဲ့ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားသည်။

ဟေတီတွင် ထိုသို့ ဆူပူသောင်းကျန်းနေသည်မှာနှစ်ရက်ခန့်ရှိသွားပြီဖြစ်သည်။ ထိုဆန္ဒပြမှုများသည် မြို့အတော်များများတွင် ဧပြီ ၄ ရက်ကတည်းက စတင်ခဲ့သည်။ ထိုဆန္ဒပြသမားများအတွင်းသို့ မှောင်ခိုသမားများနှင့် မူးယစ်ဆေးဝါးရောင်းဝယ်သူများက ဝင်ရောက်၍ လှုံ့ဆော်ပေးသည်ဟု အာဏာပိုင်များက စွပ်စွဲပြောကြားသည်။

အဆိုပါ ဖြစ်ပေါ်နေသော ပြဿနာကို ဖြေရှင်းရန် အမေရိကန်ဒေါ်လာ ၁၀ သန်း သုံးစွဲသွားမည်ဟု ဆိုသည်။ ရိက္ခာအထောက်အပံ့ပေးခြင်း၊ ဓာတ်မြေဩဇာလျှော့နှုန်းဖြင့်ရောင်းပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများလည်း ဖန်တီးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အင်တာနက်။

The Mirror

နိုင်ငံတကာ သတင်းများ

အမေရိကန် တန်ဖိုးနည်းလေကြောင်းလိုင်း ဒေဝါလီခံ

လော့စ်အိန်ဂျလိစ် ဧပြီ ၆

အမေရိကန်နိုင်ငံ တစ်ဝန်းရှိ လေဆိပ်များတွင် ဧပြီ ၃ရက်က ခရီးသည် ထောင်ပေါင်းများစွာ သောင်တင်လျက်ရှိသည်။တန်ဖိုးနည်းအေတီအေ လေကြောင်းလိုင်းသည် ရုတ်တရက် ဒေဝါလီခံလိုက်ရသဖြင့် လေယာဉ်များ ပျံသန်းမှု ခရီးစဉ်များ ဖျက်သိမ်းခဲ့သည်။

လက်မှတ်ဝယ်ယူရေး နေရာတွင် ပယ်ဖျက်သည့် ခရီးစဉ်များကို ကြေညာထားသည်။ ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။ အေတီအေ လေကြောင်းလိုင်းသည် နေ့စဉ်ခရီးသည် ၁၀၀၀၀ ခန့်ကို ဝန်ဆောင်မှုပေးလျက်ရှိစဉ်ထိုလုပ်ငန်းကို ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်ဟု လေကြောင်းဌာနကပြောကြားသည်။

၁၉၇၃ ခုနှစ်တွင် အမေရိကန် ထရန်စ်လေကြောင်းအမည်ဖြင့်စတင်ပြေးဆွဲခဲ့သည်။ အမေရိကန်နိုင်ငံ ချီကာဂို၊လော့စ်အိန်ဂျလိစ်၊ဟာဝိုင်ယီနှင့်လပ်ဗီးဂတ်စ် အပါအဝင် အဓိကမြို့ကြီးများတွင် ပျံသန်းလျက်ရှိပြီး လူကြိုက်အများဆုံးလေကြောင်းလိုင်း ဖြစ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်းပန်

လော့စ်အိန်ဂျလိစ် နိုင်ငံတကာ လေဆိပ်တွင် ခရီးသည် ဒါဇင်ပေါင်းများစွာတို့မှာ သက်ဆိုင်ရာ လေကြောင်းလိုင်းမှ တောင်းပန်သည့် လက်ကမ်း စာစောင်များသာ ရရှိခဲ့ကြသည်။

အဆိုပါလေကြောင်းသည်စစ်ဘက်ယာဉ်စီးလုံးငှား လုပ်ငန်းအတွက် ကန်ထရိုက်စာချုပ် လက်ခံသဖြင့် လေကြောင်းလုပ်ငန်းကို ဆက်လက်မလုပ်ဆောင်နိုင်ခြင်း ဖြစ်ကြောင်း ဧပြီ ၃ ရက်က အဆိုပါလေကြောင်း

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ တာဝါ အဆောက်အအုံ၏ ၁၀ ထပ်မြောက်တွင် ဧပြီ ၄ ရက်က ဓာတ်ငွေ့အိုးမီးလောင်ပေါက်ကွဲမှု ဖြစ်ပွားသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အန္တာတိကဒေသမှ ရေခဲတောင်ကြီးပြိုကွဲ

အန္တာတိက ဧပြီ ၆

ကမ္ဘာကြီးပူနွေးလာမှုကြောင့် တောင်ဝင်ရိုးစွန်း အန္တာတိကဒေသရှိ ဝေးလ်ကင်းစ်ရေခဲပြင်ကြီး၏ အနောက်တောင်ဘက်စွန်းမှ စတုရန်းမိုင် ၁၆၀ရှိသည့် ရေခဲတောင်ကြီးတစ်ခုသည် ဖေဖော်ဝါရီ ၂၈ ရက်က ပြိုကွဲထွက်သွားကြောင်း မတ် ၂၅ရက်တွင် သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြသည်။

ထိုသို့ ရေခဲတောင်ကြီး ပြိုကွဲထွက်သွားသည့် အချိန်ကြောင့် ဝေးလ်ကင်းစ်ရေခဲပြင်ကြီး၏ အတွင်းပိုင်းတွင်လည်း အက်ကွဲကြောင်းကြီးတစ်ခု ဖြစ်ပေါ်သွားခဲ့သည်။ ဝေးလ်ကင်းစ်ရေခဲပြင်ကြီးသည် တောင်အမေရိကတိုက် တောင်ဘက်မိုင် ၁၀၀၀ ခန့်အကွာတွင်ရှိပြီး စတုရန်းမိုင် ၄၀၀၀ နှင့် ၅၀၀၀ ခန့်ရှိကြသည့် ရေခဲပြင်ကြီးနှစ်ခုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အက်ကွဲကြောင်းကြီး တစ်လျှောက်တွင် သေးငယ်သည့် အိမ်အရွယ်အစားမျှရှိသည့် ရေခဲတုံးကြီးများ ပြန့်ကျဲလျက်ရှိပြီး ပေါက်ကွဲမှုတစ်ခုဖြစ်ထားသည့် ပုံစံနှင့်တူကြောင်း အန္တာတိကဒေသ စူးစမ်း လေ့လာရေးအဖွဲ့မှ သိပ္ပံပညာရှင်များက ပြောသည်။

လွန်ခဲ့သည့် ရာစုနှစ်ဝက်ကာလအတွင်း အနောက်အန္တာတိကကျွန်းဆွယ်တွင် အပူချိန်မြင့်တက်လာမှုနှုန်းသည် ၁၀နှစ်ကြာတိုင်း ၀ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယတ်စ် (၀ ဒသမ ၉ ဒီဂရီဖာရင်ဟိုက်) တိုးလာလျက်ရှိနေပြီး အန္တာတိကဒေသရေခဲပြင် ပြိုကွဲအရည်ပျော်မှုများသည် နောက်ဆုံး၌ ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်များကို သိသိသာသာ မြင့်မားလာစေနိုင်သည်ဟု ဆိုသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

တရုတ် ငှက်ဖျားရောဂါဖြတ်ဆေး ထိရောက်မှုရှိကြောင်း စမ်းသပ်တွေ့ရှိ

ဂျကာတာ ဧပြီ ၃

အင်ဒိုနီးရှားနိုင်ငံ မီမီကာနှင့် ပါပူးဝါဒေသများတွင် အင်ဒိုနီးရှားနှင့် ဩစတြေးလျ ပညာရှင်များက တရုတ်ငှက်ဖျားဖြတ်ဆေးကို စမ်းသပ်ရာ အခြားသော ဆေးဝါးများထက် ပိုမိုထိရောက်သည်ကို တွေ့ရှိရကြောင်း ဒေသခံ အရာရှိများက ဧပြီ ၂ ရက်တွင် ပြောကြားသည်။

ယင်းဆေးဝါးကို သုတေသန ပြုလုပ်ရာမှ ရရှိလာသော ရလဒ်များသည် ကျေနပ်အားရဖွယ်ရာရှိကြောင်း အမန်မီနှင့် ကိုမိုရိုဖွံ့ဖြိုးရေး အဖွဲ့အစည်း၏ အတွင်းရေးမှူး ဂျွန်နကီယာက ပြောကြားသည်။ တရုတ်ငှက်ဖျားဖြတ်ဆေးနှင့် အခြား ငှက်ဖျားဖြတ်ဆေးဝါးများကို ယှဉ်၍ သုံးစွဲကြည့်ရာ တရုတ်ငှက်ဖျားဖြတ်ဆေးဖြင့် ကုသခံရသူလူနာများက ပို၍ရောဂါပျောက်ကင်းမှုနှုန်းကောင်းသည်ကို တွေ့ရသည်ဟု ဆိုသည်။

တရုတ်ဆေးဝါးပေး၍ ကုသခံရသူများတွင် အတွင်းရေးမှူး ဂျွန်၏ ဇနီးလည်း ပါဝင်သည်။ သူမသည် ဆေးဝါးသောက်သုံးပြီးနောက် နှစ်ရက်အကြာတွင် နာလန်ထလာသည်ဆိုသော ဂျွန်၏ ပြောကြားချက်ကို ကိုးကား၍ အန်တာရာ သတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ လေ့ကျင့်ရေးနှင့် ဖွံ့ဖြိုးရေးဌာနနှင့် ဩစတြေးလျနိုင်ငံ မန်ဇီးစ် သုတေသနဌာနတို့သည် ၂၀၀၆ ခုနှစ်ကတည်းက ငှက်ဖျားရောဂါ ဖြတ်ဆေးများကို သုတေသနပြုလေ့လာလျက်ရှိသည်။

သုတေသီများ စမ်းသပ်လေ့လာသော တရုတ်ငှက်ဖျားဖြတ်ဆေးများသည် အာတီကင်နှင့် အာတီဆွန်နိတ်ဟူ၍ အမည်ရပြီး ဆေးလုံးအသွင်နှင့် ဆေးရည်အသွင် နှစ်မျိုးစလုံးဖြင့် ရနိုင်ကြောင်း သိရသည်။

တရုတ်ငှက်ဖျား ဖြတ်ဆေးသည် ထိရောက်သည်ကို တွေ့ရသော်လည်း ကျန်းမာရေးဝန်ကြီးဌာန ဆေးဝါးနှင့်အစားအစာ ကြီးကြပ်ရေးဌာနက ထိုဆေးဝါးကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် ခွင့်ပြုချက် ထုတ်ပေးရခြင်း မရှိသေးဟု ဆိုသည်။

ယခုအချိန်အထိ မီထရာ မတ်ရာယာကတ်ဆေးရုံနှင့် တီမီကာဒေသ ကျန်းမာရေးဌာနများတွင် ယင်းဆေးဝါးကို စမ်းသပ်အသုံးပြုနေကြပြီ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆံပင်အလှပြင်သူများ ကင်ဆာရောဂါဖြစ်နိုင်ခြေပိုများ

ဝါရှင်တန် ဧပြီ ၆

ဆံပင်အလှပြင်သူများသည် ဆိုးဆေးနှင့် အခြားဓာတုပစ္စည်းများကို အမြဲထိတွေ့ကိုင်တွယ် အသုံးပြုနေကြရသဖြင့် ကင်ဆာရောဂါ ဖြစ်နိုင်ခြေများကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်၏ ကင်ဆာရောဂါ သုတေသနအဖွဲ့က ပြောကြားသည်။ ဆံပင်အလှပြင်သူ အမျိုးသမီးများသည် သားအိမ်ကင်ဆာ ဖြစ်နိုင်ခြေများပြီး ဆံပင်အလှပြင်လုပ်ငန်းလုပ်သည့် အမျိုးသားများသည် သာမန်လူ များထက် ဆီးအိမ်ကင်ဆာ ဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ မြင့်မားသည်ဟု ဆိုသည်။

ဆံပင်ညှပ်၊ ဆံပင်အလှပြင်အလုပ်လုပ်သည့် အမျိုးသား၊ အမျိုးသမီးအားလုံးအတွက် အဆုတ်ကင်ဆာဖြစ်နိုင်ခြေသည် သာမန်လူများထက် ၃၀ ရာခိုင်နှုန်း ပိုများသော်လည်း အဆုတ်ကင်ဆာသည် ဆေးလိပ်သောက်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်ဟု အဆိုပါအဖွဲ့က ပြောသည်။

အေအက်ဖ်ပီ။

ဆံပင် အလှပြင်သူများသည် ဆိုး ဆေး နှင့် အခြား ဓာတုပစ္စည်း များ ကို အမြဲ ထိ တွေ့ ကိုင်တွယ်အသုံး ပြု နေ ကြ ရ သဖြင့် ကင်ဆာ ရောဂါ ဖြစ်နိုင် ခြေ များသည်။

ကြေးမုံ ထူးထူးခြားခြား ကမ္ဘာ့အားကစားလောက မှတ်တမ်းများ

ကမ္ဘာ့အားကစားလောကတွင် သမိုင်းဝင်၊ သမိုင်းတွင်ခဲ့သည့် အဖြစ်အပျက်များ၊ ထူးခြားထင်ရှားသော မှတ်တမ်းများရှိခဲ့သည်။ ယင်းတို့အနက်မှ အချို့ကို ဖော်ပြလိုက်သည်။

မြားပစ်မြန်သူ

စပိန်နိုင်ငံသား လူးဝစ်ကိုင်ဒက်စ်မာတင်ဆိုသူ **(ဝဲပုံ)** သည် ၂၀၀၆ ခုနှစ် ဇွန် ၄ရက်က စပိန်နိုင်ငံ မဒရစ်မြို့၌ မြား ၁၀ ချောင်းကို ၁ မိနစ်နှင့် ၇ စက္ကန့်အတွင်း အမြန်ဆုံးပစ်ကာ ကမ္ဘာ့စံချိန်တင်ခဲ့သည်။ မြား ၁၀ ချောင်းကို တစ်ချောင်းချင်းပစ်ကာ အမြန်ဆုံးစံချိန် တင်ခဲ့ခြင်းဖြစ်သည်။

မာရသွန် မြားပေါက်ပြိုင်ပွဲ

ယူနိုက်တက်ကင်းဒမ်းနိုင်ငံ ချက်ရှိုင်းယားပြည်နယ် ဆမ်းမားဖီးလ်၌ ကျင်းပခဲ့သည့် မြားပေါက် ပြိုင်ပွဲတွင် စတီဖင်လီနှင့် မစ်ကင်နီတို့နှစ်ဦး **(ယာပုံ)** ယှဉ်ပြိုင်ချိန်မှာ ၂၄ နာရီကြာမြင့်ခဲ့ရာ အချိန်အကြာဆုံး မြားပေါက်ပြိုင်ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၎င်းတို့ နှစ်ဦးသည် ၂၀၀၆ ခုနှစ် မေ ၆ ရက်နှင့် ၇ ရက်က ယှဉ်ပြိုင်ခဲ့ကြခြင်း ဖြစ်သည်။

ဆုကြေးစား ဘတ်စကက်ဘောပြိုင်ပွဲ အမှတ်အများဆုံးရယူသူ အမျိုးသမီး

အပျော်တမ်းမဟုတ်သည့် ဆုကြေးစား ဘတ်စကက်ဘောပြိုင်ပွဲ တစ်ရပ်၌ ပွဲတစ်ပွဲအတွင်း အမှတ်အများဆုံး ရယူနိုင်သူ အမျိုးသမီးတစ်ဦးအဖြစ် အစ္စရေးနိုင်ငံသူ အန်နက်ဒရိုင်ဂေါ်ဆိုသူ **(ဝဲပုံ)**မှာ ကမ္ဘာ့မှတ်တမ်း အတင်ခံရသည်။

သူမပါဝင်သည့် ယာပိုမိတ်ယေဟူပါ အသင်းနှင့် အီလစ်ဇာဂျီဗတ်ရှမြူယမ်အသင်းတို့ အစ္စရေးနိုင်ငံ မီစီလတ်ဇီယွန်တွင် ၂၀၀၆ ခုနှစ် ဧပြီ ၅ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ သူမ တစ်ဦးတည်းက ၁၃၆ မှတ် ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

အမေရိကန်တွင် တေဇာသေနတ်ထပ်မံအသုံးပြု၍ အကျဉ်းသားတစ်ဦး သေဆုံး

လော့အိန်ဂျလိစ် ဧပြီ ၅

အမေရိကန်နိုင်ငံ အောရိန့်ခရိုင်ထောင်တွင် ထုံကျဉ်စေသည့် တေဇာလျှပ်စစ်သေနတ်ဖြင့် ပစ်ခတ်ခံရသည့် အကျဉ်းသားတစ်ဦးသည် သေဆုံးခဲ့သည်ဟု ဧပြီ ၃ ရက်တွင် သတင်း၌ဖော်ပြသည်။

လော့အိန်ဂျလိစ်မြို့အနီး ဆန်တာအန်မာဒေသ အင်တိတ်ရီလစ်ထောင်ရှိ အကျဉ်းခန်းတွင် ရဲများက တေဇာထုံကျဉ်လျှပ်စစ်သေနတ်ဖြင့် အကျဉ်းသားကို စစ်ဆေးခဲ့သည်။ ထို့နောက် အသက် ၃၅ နှစ်ရှိ ဂိုမက်ဇ်သည် မတ် ၂၅ ရက်တွင် သတိမေ့မြောသွားခဲ့သည်ဟု လော့အိန်ဂျလိစ်တိုင်းမ်သတင်းစာက ဖော်ပြသည်။

ဂိုမက်ဇ်၏သေဆုံးမှု အကြောင်းကို ဒေသဆိုင်ရာ ရုံးကစုံစမ်းလျက်ရှိသည်။ ခရိုင်ထောင်များကို သက်ဆိုင်ရာဌာနက စစ်ဆေးမှုများပြုလုပ်နေစဉ် ၎င်းသေဆုံးခဲ့ခြင်းဖြစ်သည်။

ဂိုမက်ဇ်သေဆုံးမှုကို အသေးစိတ်စုံစမ်းရန် လော့အိန်ဂျလိစ်ခရိုင် ရဲတပ်ဖွဲ့က သီးခြားပြန်လည်သုံးသပ်စုံစမ်းရေးအဖွဲ့ကို ညွှန်ကြားခဲ့သည်။

ဂိုမက်ဇ်သည် သူနာပြုတစ်ဦးကို ထိခိုက်နာကျင်အောင်ပြုမူခဲ့သည်။ ထို့နောက် ၎င်း၏အကျဉ်းခန်းသို့ ထောင်ဝန်ထမ်းများဝင်ရောက်လာပြီး စစ်ဆေးမေးမြန်းရာ ငြင်းခုံသည့်အတွက် သေနတ်ကို အသုံးပြုခဲ့ရသည်။ ၎င်းကို ဆေးဝါးကုပေးရန် စောင့်ဆိုင်းနေစဉ်မှာပင် အသက်ရှုရပ်သွားခဲ့သည်ဟု သတင်း၌ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ သမ္မတမစ္စစ်ပရာတီဘာပတေးလ်အား သမ္မတအိမ်တော်သို့ သွားရောက်ဂါရဝပြုတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ်ပရာတီဘာ ပတေးလ်အား နယူးဒေလီမြို့ရှိ သမ္မတအိမ်တော် Rashtrapati Bhawar ၌ ဂါရဝပြုတွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတမစ္စစ်ပရာတီဘာပတေးလ်အား ဧပြီ ၂ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် နယူးဒေလီမြို့ သမ္မတအိမ်တော် Rashtrapati Bhawar **သို့ သွားရောက်၍ ဂါရဝပြု တွေ့ဆုံသည်။**

ထို့သို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာပတေးလ်နှင့်အတူ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရာနာ့ဗ် မူခါဂျီး၊ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် Mr.Shivshankar Menon နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Bhaskar Kumar Mitraတို့ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ➲

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့သို့ရောက်ရှိ

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့သည် အိန္ဒိယသမ္မတနိုင်ငံဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ်အန်ဆာရီ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီ ၂ ရက် နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံမှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် အိန္ဒိယ သမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ ပါလမ်လေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြသည်။

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ အထူးလေယာဉ် ပါလမ်လေတပ်စခန်းဌာနချုပ်သို့ ဆိုက်ရောက်ချိန်တွင် အိန္ဒိယ သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယ သမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန အကြီးအကဲ Shri Sunil Lal တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးတို့အား ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁သို့ ➲

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

(သတင်းစဉ်)